**★ အများပြည်သူ သဘောမတူတဲ့ အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ**

# ရွှေခမောက် သတင်းစဉ်

အမှတ်စဉ် ၆၅/၂၀၀၇ ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ (၂၇)ရက်။



"××× စီးပွားရေးအရ တနှစ်ထက်တနှစ် ကျနေတယ်ဆိုတာ ကျမတို ပြည်သူပြည်သားတွေ အသိပဲဖြစ်ပါတယ်။ ကုန်ဈေးနှုန်းတွေကတက်တယ်။ စီးပွားရေးတွေက ကျတယ်။ ဒါဟာအားလုံးအသိပဲ။ ဒီလိုအခြေအနေမှာ တိုင်းပြည်တပြည်ဟာ ဆက်ပြီးတော့ ကြာကြာနေလို့ရှိရင် ပြည်သူလူထု အများကြီးဒုက္ခရောက်မယ်။ ဒါကြောင့်မို့လို့ ကျမတို့ဟာ အပြောင်းအလဲအမြန်လိုတယ်။ စီးပွားရေးနဲ့ နိုင်ငံရေးဟာ ခွဲခြားလို့ မရပါဘူး။ ဒီနိုင်ငံရဲ့ စီးပွားရေးစနစ် ညံ့ဖျင်းနေတာဟာ နိုင်ငံရေးစနစ် ညံ့ဖျင်းနေလို့ ဖြစ်တယ်။ စီးပွားရေးသမားတွေဆိုတာဟာလည်း မိမိတို့ရဲ့ ဥပဒေဘောင်အတွင်းမှာ မိမိတို့ရဲ့ လုပ်ပိုင်ခွင့်တွေက လုံလုံခြုံခြုံ လုပ်ပိုင်ခွင့်တွေရှိရမယ်။ အဲ့ဒီလို့ ရှိတဲ့တနေ့မှာမှ တိုင်းပြည်တခုဟာ စီးပွားရေးအရ တိုးတက်ပါမယ်။ အဲ့ဒီတော့ ကျမတို့ ဒီမိုကရေစီမြန်မြန်လိုချင်တယ်။ ဘယ်လောက်လိုချင်လဲဆိုတာ တချို့ကတော့ ပြောတာပေ့ါနော် အချိန်ယူချင်တယ်။ ဘာအချိန်ယူချင်လဲ။ (၁၅)နှစ်ဟာ တော်လောက်ပြီ။ ဒါပေမယ့် ကျမတို့ဟာ အမြန်ဆုံးဒီမိုကရေစီရအောင်လို့ ကြိုးစားနေတယ်။ ကြိုးစားတဲ့နေရာမှာ ပြည်သူလူထုရဲ့ ထောက်ခံမှုဟာ ကျမတို့အတွက် အရေးကြီးဆုံးပဲ။×××"

*(၂၀၀၃ခုနှစ်၊ မေလ ၂၉ရက်နေ့၊ အထက်မြန်မာပြည်ခရီးစဉ်အတွင်း မုံရွာတွင်ပြောကြားခဲ့သော မိန့်ခွန်းမှ)*

**ဒေါ်အောင်ဆန်းစုကြည်**
**နောက်ဆုံးအထိန်းသိမ်းခံထားရတာ ယခုဆိုရင် (၄)နှစ်(၆)လနဲ့(၂၇)ရက်ရှိသွားပါပြီ။**

## ယနေ့ သတင်းများ

**၁။ စစ်မှန်သော ဒီမိုကရေစီအတွက် ဒေါ်စုကို လွှတ်ပေးရန် မိတ္တီလာ အဖွဲ့ချုပ်က တောင်းဆို**
**၂။ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မီတီဝင်များ ဒေါ်ပူစစ်ဆေးခံရ**
**၃။ဒီမိုကရေစီမရမချင်း အကျဉ်းထောင်မှ လွတ်မြောက်မည်မဟုတ်ဟု သတင်းစာဆရာကြီး ဦးဝင်းတင်ပြော**
**၄။ ဒေါ်အောင်ဆန်းစုကြည်အတွက် ဆက်သွယ်ရေးအရာရှိနှစ်ယောက်ထားရှိရန် စစ်အစိုးရကို တောင်းဆိုမည်**
**၅။ ဒေါ်စု ထုတ်ပြန်ချက် ထောက်ခံသော CRPP အဖွဲ့ဝင် တိုင်းရင်းသားပါတီများ ဒေါ်ပူ စစ်ဆေးခံရ**
**၆။ အစိုးရ ပထမပြန်စာမေးပွဲကို သံဃာတော်များက သပိတ်မှောက်ရန် ပြင်ဆင်**
**၇။ တင်းကြပ်တဲ့ ကန့်သတ်ချက်တွေကြောင့် သံဃာတော်တွေ ခရီးသွားလာရေး ခက်ခဲ**
**၈။ကျောင်းသားခေါင်းဆောင်တဦးရဲ့ မိဘနှစ်ပါးကို အာဏာပိုင်တွေက တရားစွဲဆိုထား**
**၉။ အမည်မသိဘုန်းတော်ကြီးတပါး ကားဂိတ်မှာ အဖမ်းဆီးခံရ၊ ဖမ်းဆီးပုံ ကြမ်းတမ်း**
**၁၀။ မဖြူဖြူသင်း ဖခင် ဦးလှထွန်း၏ ရျာပနကို ယနေ့ ရေဝေးသုသာန်မှာ ကျင်းပ**
**၁၁။ ခင်ပွန်းထောင်ချ ကိုယ်ဝန်သည် ဇနီးလဲ ထမင်းမကျွေး စစ်ကြောနေ**
**၁၂။ နအဖရဲ့ ခေါင်းမာမှုကြောင့် နိုင်ငံတကာနဲ့ ကုလသမဂ္ဂရဲ့ ကြားဝင်မှု ပိုမြင့်လာနိုင်**
**၁၃။ မြန်မာ့အရေး ကုလ ဆုံးဖြတ်ချက်ကို အာဆီယံနိုင်ငံအများစု ထောက်ခံခြင်းမရှိ**
**၁၄။[illegible]**

## စစ်မှန်သော ဒီမိုကရေစီအတွက် ဒေါ်စုကို လွှတ်ပေးရန် မိတ္တီလာ အဖွဲ့ချုပ်က တောင်းဆို

*ဒီဗွီဘီ၊ ၂၆ နိုဝင်ဘာလ၊၂၀၀၇*

စစ်မှန်တဲ့ ဒီမိုကရေစီ ဖော်ဆောင်ရေးအတွက် နေအိမ်အကျယ်ချုပ်ထားတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးပြီး၊ တွေ့ဆုံဆွေးနွေးဖို့ မန္တလေးတိုင်း မိတ္ထီလာမြို့နယ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က နအဖစစ်အစိုးရကို ဒီကနေ့ တိုက်တွန်းလိုက်ပါတယ်။

ဒီကနေ့ ပြုလုပ်တဲ့ မြို့နယ်အဖွဲ့ချုပ် လပတ်အစည်းအဝေးကနေ အခုလိုပြောဆို သွားတာဖြစ်ပါတယ်။ အစည်းအဝေးအတွင်း ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီနဲ့ ပေးပို့လိုက်တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ သဘောထား ထုတ်ပြန်ချက်ကို ထောက်ခံကြောင်း၊ အပါအဝင် ဆုံးဖြတ်ချက် (၃) ခုကို ချမှတ်ခဲ့ကြောင်း၊ မိတ္ထီလာမြို့နယ် အဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ် မြင့်မြင့်အေးက အခုလို ပြောပြပါတယ်။

"ကျမတို့ ဒီနေ့ ဆွေးနွေးခဲ့ကြတာတွေကတော့လေ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ် မစ္စတာ ဂမ်ဘာရီကတဆင့် (၂၀၀၇) ခုနှစ်၊ နိုဝင်ဘာလ (၈)ရက်နေ့ ထုတ်ပြန်ခဲ့တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကြေညာချက်ကို ကျမတို့ မိတ္ထီလာမြို့နယ် အဖွဲ့ချုပ် အနေနဲ့ အလေးအနက် ကြိုဆိုထောက်ခံကြောင်း၊ နောက်တခုက စက်တင်ဘာလမှာ ဖြစ်ပွားခဲ့တဲ့ ရဟန်းသံဃာများနဲ့ ပြည်သူလူထုရဲ့ ဆန္ဒပြတောင်းဆိုမှုကြောင့် ကုလသမဂ္ဂနဲ့ ကမ္ဘာ့နိုင်ငံအသီးသီးကနေပြီးတော့ ဒီလိုမျိုး နအဖအနေနဲ့ ပိုနေမြဲ ကျားနေမြဲ အခြေအနေမှာ မဖြစ်နိုင်တော့ဘူးလို့ ဝိုင်းဝန်းပြောဆိုနေကြတဲ့ အတွက်ကြောင့် နအဖ အနေနဲ့ မူလရဒ်မက် (၇)ချက်နဲ့ပဲ သွားမယ်ဆိုတဲ့အစား အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ သုံးပွင့်ဆိုင် ဆွေးနွေးရေးကိုသာ အလေးအနက်ထား ဦးစားပေးပြီး ဆောင်ရွက်ဖို့၊ ရဒ်မက် (၇) ချက်နဲ့ပဲ ဆက်ပြီး တိုင်းပြည်ကို သွားမယ်ဆိုလို့ရှိရင် ဘယ်လိုမှ ဆယ်စုနှစ်၊ အနှစ်နှစ်ဆယ်အတွင်းမှာ ဘယ်လိုမှ မတိုးတက်ဘူးဆိုတာလဲ ထင်ရှားနေတာပဲ။ အဲဒီ အတွက်ကြောင့် ဒီအစားတကယ့်ကို ဖြစ်နိုင်မဲ့ သုံးပွင့်ဆိုင် ဆွေးနွေးရေးနဲ့ တိုင်းပြည်

တိုးတက်ရာ တိုးတက်ကြောင်းကို စေတနာအပြည့်နဲ့ ဆက်လက်လုပ်ဆောင်ဖို့ နအဖကို တိုက်တွန်းသင့်တယ်ဆိုပြီး ကျမတို့ ဆွေးနွေးတယ်၊ ဆုံးဖြတ်တယ်။ နောက်တချက် ကတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဆွေးနွေးတယ်ဆိုပေမဲ့ စစ်မှန်တဲ့ တွေ့ဆုံ ဆွေးနွေးပွဲလို့လဲ ကျမတို့က မြင်လို့ မရသေးဘူး။ အချုပ်အနှောင်ဘဝနဲ့ ဆွေးနွေးနေရတယ်ဆိုတာ မဖြစ်နိုင်ဘူး။

အဲဒါအတွက်ကြောင့် အချုပ် အနှောင်ဘဝနဲ့ တွေ့ဆုံဆွေးနွေးတာ မဖြစ်သင့်ဘူး။ တွေ့ဆုံဆွေးနွေးပွဲဟာ စစ်မှန်တဲ့တွေ့ဆုံဆွေးနွေးပွဲဖြစ်ဖို့ ဒေါ်အောင်ဆန်းစုကြည်ကို အချုပ်အနှောင်ဘဝကနေ အမြန်ဆုံးလွှတ်ပေးသင့်တယ်။ အရင်က ထိန်းသိမ်းခဲ့တဲ့ နိုင်ငံရေး အကျဉ်းသားတွေရော၊ ယခုလက်ရှိ စက်တင်ဘာမှာ ထိန်းသိမ်းလို့ ကျန်နေခဲ့တဲ့ နိုင်ငံရေးအကျဉ်းသားတွေရောကို ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးဖို့ လိုအပ်တယ် ဆိုတာလဲ ကျမတို့က ဆွေးနွေးတယ်၊ ဆုံးဖြတ်ချက်ချတယ်။"

မိတ္ထီလာမြို့နယ်အဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ် မြင့်မြင့်အေးဖြစ်ပါတယ်။ ဒီကနေ့ ကျင်းပတဲ့ အစည်းအဝေးကို မိတ္ထီလာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသိန်းလွင်အပါအဝင် မြို့နယ် အဖွဲ့ချုပ်ဗဟိုကော်မီတီဝင်တွေနဲ့ အဖွဲ့ချုပ်ဝင်တွေ တက်ရောက်ခဲ့ပါတယ်။■

## ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မီတီဝင်များ ဒေါ်ယူစစ်ဆေးခံရ

*ဒီဗွီဘီ၊ ၂၁ နိုဝင်ဘာလ၊၂၀၀၇*

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ မြင့်နိုင်ကို မနေ့က ရွှေဘိုမြို့ နေအိမ်ကနေ အာဏာပိုင်တွေက ဖမ်းဆီးသွားတယ်လို့ နယ်မြေခံ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်တွေက ပြောဆိုပါတယ်။ ဘာကြောင့် ဖမ်းဆီးသွားတယ် ဆိုတာကိုတော့ မသိရသေးပါဘူး ခင်ဗျာ။

စစ်ကိုင်းတိုင်း ကန့်ပလူမြို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ မြင့်နိုင်ဟာ ၁၉၉၀ ခုနှစ်က ပထမဆုံး အကြိမ် ဖမ်းဆီးခံခဲ့ရပြီး၊ ထောင်တမ်း နှစ်ရှည် ချမှတ်ခံခဲ့ရပါတယ်။ အကျဉ်းထောင်ထဲမှာ (၁၄) နှစ်နီးပါးနေခဲ့ရပြီး ၂၀၀၄ ခုနှစ်ကမှ ပြည်လည် လွတ်မြောက်လာသူလည်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မီတီ စီအာပီပီ အဖွဲ့ဝင် (၃)ဦးကို စစ်အစိုးရက ရန်ကုန်မြို့ရှိ အောင်သပြေ စစ်ကြောရေး စခန်းဆီ ခေါ်ဆောင် သွားခဲ့ပြီး၊ အဲဒီထဲက တစ်ဦးဟာ အခုချိန်ထိ အိမ်ပြန် မရောက်သေးဘူးလို့ သိရပါတယ်။ ဒီအကြောင်း အပြည့်အစုံကိုတော့ ဒီဗွီဘီ သတင်းထောက် ကိုအေးနိုင်က သတင်းပေးပို့ ထားပါတယ်။

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မီတီ စီအာပီပီရဲ့အတွင်းရေးမှူး ဦးအေးသာအောင်၊ စီအာပီပီရဲ့ အဖွဲ့ဝင်တွေ ဖြစ်ကြတဲ့ ဦးကျင့်ရှင်းထန်နှင့် ဦးစိုးဝင်တို့ကို မနေ့က မနက် (၈)နာရီခန့်မှာ အထူးရဲတွေက ခေါ်ဆောင်သွားတာ ဖြစ်ပါတယ်။ ဦးအေးသာအောင်နှင့် ဦးစိုးဝင်းတို့ နှစ်ဦးကို အိမ်တိုင်ရာရောက် ပို့ဆောင်ပေမဲ့ ဦးကျင့်ရှင်းထန်ကတော့ အိမ်ကို ပြည်လည် မရောက်ရှိသေးပါဘူး။

ဒီအကြောင်းနှင့် ပတ်သက်လို့ စီအာပီပီရဲ့ အတွင်းရေးမှူး ဦးအေးသာအောင်က ဒီဗွီဘီကို အခုလို ပြောကြားပါတယ်။ "မနေ့က မနက် (၈) နာရီမှာခေါ်သွားတယ်။ (၁၂)နာရီလောက် ပြန်ပို့တယ်။ အောင်သပြေမှာ အက်စ်အေ ဌာနချုပ်ပေ့ါ။ ပထမတော့ သူတို့ခေါ်တာက လူကြီးတွေက တွေ့ချင်လို့ ဆိုပြီး ခေါ်သွားတာပဲ။ နော် အဲဒီမှာ ထိုင်ခိုင်းထားပြီးတော့ ဘယ်သူနှင့်မှလည်း မတွေ့ခဲ့ရပဲ ပြန်ပို့ပေးတယ်။ အမျိုးသားဒီမိုကရေစီ ပါတီဝင်ပြည့်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းကိုလည်းခေါ်တယ်။ နအဖအစိုးရ လူကြီးတွေက ဆွေးနွေးစရာရှိလို့ဆိုပြီး၊ ဦးအေးသာအောင်နှင့် ဦးစိုးဝင်းတို့ နှစ်ဦးကို အောင်သပြေ စစ်ကြောရေး စခန်းဆီ ခေါ်ဆောင်သွားခဲ့ပေမဲ့ ဘယ်လူကြီးနှင့်မှ တွေ့ခွင့် မရပဲ (၁) နာရီ၊ (၂) နာရီ ထိုင်ခိုင်းပြီး၊ ဒီအတိုင်းပြန်လွှတ်လိုက်တဲ့ အကြောင်း ဒါပေမဲ့ ဦးကျင့်ရှင်းထန်ကတော့ ဘယ်ရောက်နေမှန်း မသိရဘူးလို့ ဦးအေးသာအောင်က ပြောသွားတာ ဖြစ်ပါတယ်။

အတင်းအကြပ် ခေါ်ဆောင်တာကြောင့် မိတ်ဆွေတစ်ယောက်ရဲ့ အသုဘ လိုက်ပို့ဖို့ ကိစ္စပျက်ခဲ့ရတယ်လို့ ဦးအေးသာအောင်က ပြောပါတယ်။ သူတို့ကို ခေါ်ယူစစ်ဆေးတဲ့ အချိန်ဟာ ဒေါ်အောင်ဆန်းစုကြည်နှင့် နအဖဆက်ဆံရေးဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်တို့ တတိယ အကြိမ်မြောက် ဆွေးနွေးနေချိန်၊ ကုလသမဂ္ဂ အထွေထွေညီလာခံ ကျင်းပနေချိန်၊ အာစီယံထိပ်သီးအစည်းအဝေး ကျင်းပနေချိန်တွေနှင့် တိုက်ဆိုင်နေပါတယ်။ နိုင်ငံရေးအရ တွေ့ဆုံထွေးနွေးပွဲတွေ တကယ်ပဲဖြစ်လာတော့ လေမလားဆိုပြီး မျှော်လင့်နေချိန်မှာ၊ ဒီလိုမျိုး စစ်လားဆေးလား ဖမ်းလားဆီးလား လုပ်နေတာတွေကို နအဖ အစိုးရဖက်က အမြန်ဆုံးရပ်တန့်ဖို့ ဦးအေးသာအောင်က ပြောဆိုပါတယ်။ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်စုကြည်ရဲ့ အခုလ ကြေညာချက်နှင့် ပတ်သက်လို့တော့ စီအာပီပီ အနေနှင့် ထောက်ခံ ကြိုဆိုတယ်လို့ သူက ဆက်ပြောပါတယ်။ "အများက ကြည်ညိုလေးစားတဲ့ ခေါင်းဆောင်တစ်ယောက်၊ (၉၀)ခုနှစ် ရွေးကောက်ပွဲမှာ အပြတ်အသတ်အနိုင်ရတဲ့ ခေါင်းဆောင်တစ်ယောက်က တိုင်းပြည်အပေါ်မှာ တိုင်ရင်းသားလူမျိုးများရဲ့ အပေါ်မှာ သူ့ရဲ့သဘောထားကို ကြေညာလိုက်တဲ့ ကြေညာချက် အန်ကယ်တို့အနေနှင့် လက်ခံပါတယ်။ ထောက်လဲ ထောက်ခံပါတယ်။ ဒီလိုလဲပဲဖြစ်သင့်တယ်။ ဒေါ်အောင်ဆန်းစုကြည်နှင့် နအဖ အာဏာပိုင်များနှင့် တွေ့ဆုံဆွေးပြီးမှသာ နောက်ထပ်တစ်ဆင့် တိုင်းရင်းသားပါတီတွေ၊ တိုင်းရင်းသား ခေါင်းဆောင်တွေနှင့် တွေ့မယ်ဆိုတဲ့ သဘောထားတွေကိုလည်း စီအာပီပီမှာလ ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားပါတီ ခေါင်းဆောင်တွေက သဘောထား ညှိနှိုင်းပြီးသားလဲ ဖြစ်တယ်ဆိုတာ အန်ကယ်လ် ထပ်လောင်းပြီးတော့ ပြောချင်ပါတယ်။ ဒါကြောင့် ဒေါ်အောင်ဆန်းစုကြည်ရဲ့ အခုလို ကြေညာချက် အပေါ်မှာ လက်ခံတယ်၊ ကြိုဆိုတယ် နောက်တဆင့်ကျမှသာ တိုင်းရင်းသားပါတီတွေ၊ တိုင်းရင်းသား ခေါင်းဆောင်တွေ၊ နအဖတွေနှင့် တွေ့ဆုံမယ့်အစီအစဉ်မျိုးကို နဂိုကတည်းက ညှိနှိုင်းပြီးသားဆိုတာ အန်လ်ကယ်တို့က ထပ်လောင်းပြောချင်ပါတယ်" နအဖ အစိုးရပိုင်း မီဒီယာတွေမှာ ဖော်ပြနေတဲ့ တိုင်းရင်းသား အဖွဲ့အစည်း တချို့ရဲ့ ကြေညာချက်တွေနှင့် ပတ်သက်လို့တော့ သူ့ရဲ့ အမြင်ကို အခုလို ပြောဆိုသွားခဲ့ပါတယ် ခင်ဗျာ။ "အထူးသဖြင့်ပေ့ါ ညီလာခံမှာ တက်တဲ့ ကိုယ်စားလှယ်ဆိုတာကတော့ နအဖက သူတို့ လူတွေကို ခေါ်ယူထားတာဆိုတော့ သူတို့ ခိုင်းတာကို လုပ်ရတယ်လို့ပဲ အန့်ကယ်လ်အနေနှင့် မြင်ပါတယ်။ ကျန်တဲ့ ငြိမ်းချမ်းရေးယူထားတဲ့ အဖွဲ့အစည်းတွေကလည်းပဲ နအဖက ပရပ်ရှာပေးလို့ လုပ်ရတယ်လို့ပဲ အန့်ကယ်လ် အနေနှင့် သုံးသတ်ပါတယ်။" ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မီတီဝင်တွေ ခေါ်ယူစစ်ဆေးခံရတဲ့ အကြောင်း ကိုအေးနိုင်က သတင်းပို့သွားတာ ဖြစ်ပါတယ်။■



## ဒီမိုကရေစီမရမချင်း အကျဉ်းထောင်မှ လွတ်မြောက်မည်မဟုတ်ဟု သတင်းစာဆရာကြီး ဦးဝင်းတင်ပြော

*ဗွီအိုအေ၊ ၂၀ နိုဝင်ဘာလ၊ ၂၀၀၇*

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာအီဘရာဟင် ဂမ်ဘာရီဟာ သူ မြန်မာနိုင်ငံကနေ ပြန်ထွက်ခွာလာချိန်မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကြေညာချက်ကို ထုတ်ပြန်ပေးခဲ့သလိုပဲ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာပေါ်လိုဆာဂျီရို ပင်ညဲရိုးကလည်း သူ အင်းစိန်ထောင်ကိုသွားရောက်စဉ် သတင်းစာဆရာကြီး ဦးဝင်းတင် အပါအဝင် လူ့အခွင့်အရေးလှုပ်ရှားသူ မစုစုနွေး၊ (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေဖြစ်တဲ့ ကိုမင်းဇေယျနဲ့ ကိုသန်းတင်တို့ကို တွေ့ဆုံနိုင်ခဲ့ပြီးတော့ ဦးဝင်းတင်မှာကြားလိုက်တဲ့ သတင်းစကားကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာ နိုဝင်ဘာလ (၁၆) ရက်နေ့ကပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲအတွင်း အခုလို ပြောဆိုခဲ့ပါတယ်။

"ဦးဝင်းတင်က မြန်မာနိုင်ငံမှာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးဆိုတာ မရှိဘဲနဲ့ သူ့ကို ပြန်လွှတ် ပေးလည်း သူ တကယ်မလွတ်လပ်နိုင်ဘူး။ အကျဉ်းထောင်မှာပဲ သူဆက်ပြီးနေသွားမယ်ဆိုတဲ့အကြောင်း" ပြောဆိုခဲ့တာကို မစ္စတာပီညဲရိုးက သတင်းစာရှင်းလင်းပွဲမှာ ပြန်ပြောပြခဲ့တာပါ။

သတင်းစာဆရာကြီးဦးဝင်းတင်ရဲ့ အခုလိုခံယူချက်နဲ့ပတ်သက်ပြီး ကြေးမုံသတင်းစာ အယ်ဒီတာချုပ်ဟောင်း တဦးဖြစ်တဲ့ ကြေးမုံဦးသောင်းက အခုလို မှတ်ချက်ချခဲ့ပါတယ်။

"မှန်ပါတယ်၊ မိမိတို့ကို ဖိနှိပ်တာကို ငုံ့ခံတဲ့လူတွေ မဟုတ်ပါဘူး။ အခွင့်အရေးရတိုင်း သတင်းစာ လွတ်လပ်ခွင့်၊ ပြည်သူတို့ရဲ့လွတ်လပ်ခွင့်ကို ကြိုးစားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေဖြစ်တယ်ဆိုတာ သေချာ ပါတယ်ခင်ဗျာ၀ ဦးဝင်းတင်ဟာ ဟံသာဝတီသတင်းစာ အယ်ဒီတာချုပ်ဟောင်းတဦးဖြစ်ပြီး ပြင်သစ်အခြေစိုက် World Association of Newspapers ကမ္ဘာ့ သတင်းစာများအသင်းကြီးကနေ ၂၀၀၁ ခုနှစ်က ပေးအပ်ခဲ့တဲ့ လွတ်လပ်သောရွှေကလောင်ဆုရှင် ဖြစ်ပါတယ်။ တဆက်တည်းမှာပဲ အဲဒီ ကမ္ဘာ့သတင်းစာများ အသင်းကြီးကနေ သတင်းလွတ်လပ်ခွင့် ချိုးဖောက်နေတဲ့ (၆) နိုင်ငံကို မနေ့က ရှုတ်ချလိုက်ပါတယ်။ အဲဒီ (၆)နိုင်ငံထဲမှာ မြန်မာ၊ တရုတ်၊ ဆိုမားလီးယား၊ အဇာဘိုင်ဂျန်၊ ပါကစ္စတန်နဲ့ ဂျော်ဂျီယာတို့ ဖြစ်ပါတယ်။ ပြီးတော့လည်း အဲဒီ (၆) နိုင်ငံက အစိုးရတွေအနေနဲ့ သတင်းဌာနတွေရဲ့ လွတ်လပ်ခွင့်နဲ့ သူတို့တင်ပြချင်တာတွေကို လွတ်လပ်စွာ ရေးသားဖော်ပြခွင့်စတဲ့ နိုင်ငံတကာက သတ်မှတ်ထားတဲ့ စံချိန်စံနှုန်းတွေကိုလည်း အပြည့်အဝ လေးစားလိုက်နာဖို့ ကမ္ဘာ့သတင်းစာများအသင်းကြီးကနေ တောင်းဆိုလိုက်ပါတယ်။

အဲဒီ WAN ကမ္ဘာ့သတင်းစာများ အသင်းကြီးကနေ မြန်မာနိုင်ငံနဲ့ပတ်သက်လို့ အဓိကထောက်ပြထားတာကတော့ မြန်မာစစ် အစိုးရဟာ သတင်းလွတ်လပ်ခွင့်တွေကို ဆက်ပြီး ဖိနှိပ်ချုပ်ချယ်ထား ဆဲဖြစ်ပြီးတော့ စက်တင် ဘာလက ဖြစ်ပွားခဲ့တဲ့ သံဃာတွေဦးဆောင်တဲ့ ငြိမ်းချမ်းစွာ ဆန္ဒပြပွဲတွေကို အကြမ်းဖက်နှိမ်နင်းချိန်မှာ ဂျပန်သတင်းထောက် ခမ်းဂျိနာဂအိ ပစ်သတ်ခံရရင်း သေဆုံးခဲ့ရတယ်လို့ ထောက်ပြထားပါတယ်။ ဒီအဖြစ်အပျက်ကြောင့် အတော်လေးတုန်လှုပ်ခဲ့ရပြီး မစ္စတာ ခမ်းဂျိနာဂအိ အသတ်ခံရမှုကို မြန်မာစစ်အစိုးရအနေနဲ့ စုံစမ်းဖော်ထုတ်ပေးဖို့၊ ပြီးတော့ တရားဥပဒေအတိုင်း ခုံရုံးတင်ပေးဖို့ ကမ္ဘာ့သတင်းစာများအသင်းကြီးက မြန်မာစစ်အစိုးရကို တောင်းဆို လိုက်ပါတယ်။

ပြီးတော့လည်း ကမ္ဘာ့သတင်းစာများအသင်းကြီးကနေ မကြာသေးခင်က ဆန္ဒပြပွဲတွေအတွင်း မြန်မာစစ်အစိုးရကနေ သတင်းအမှောင်ချတဲ့အနေနဲ့ အင်တာနက်တွေ ဖြတ်တောက်ခဲ့တာ၊ သူတို့အပေါ် ဝေဖန်ရေးသားတဲ့ သတင်းဆောင်းပါးတွေကို ထုတ်ဝေခွင့်မပြုတာ၊ ဆင်ဆာတည်းဖြတ်တာတွေကိုလည်း ပြင်းပြင်းထန်ထန် ဝေဖန်ရှုတ်ချခဲ့ပါတယ်။ အခုလို မြန်မာစစ်အစိုးရရဲ့ သတင်းလွတ်လပ်ခွင့် ပိတ်ပင်မှုတွေနဲ့ပတ်သက်လို့ ကြေးမုံဦးသောင်းက အခုလို ဝေဖန်ပါတယ်။

"ဗမာပြည်မှာ လွတ်လပ်ရေးရတဲ့ ဒီမိုကရေစီအစိုးရ ခေတ်ကဆိုလို့ရှိရင် ကမ္ဘာ့အခြေအနေ၊ ဗမာ့အခြေအနေ၊ တိုင်းပြည်အခြေအနေကို လွတ်လွတ်လပ်လပ် ဘာမဆို ရေးနိုင်တယ်၊ ဝေဖန်နိုင်တယ်၊ အပြစ်တင်နိုင်တယ်။ ဥပမာ–မင်္ဂလာဒုံ လေယာဉ်ပျံကွင်းကြီး ဆောက်တယ်ဆိုလို့ရှိရင် နေ့ရှင်းသတင်းစာက နေပြီးတော့ အယိုအပေါက်တွေများတယ်ဆိုပြီးတော့ ပြောနိုင်တယ်။ အဲလို လွတ်လပ်နေရာကနေပြီးတော့မှ (၁၉၅၈) ခုနှစ်မှာ တစတစ ဒီမိုကရေစီအခွင့်အရေးတွေကို ပိတ်ပင်တဲ့အခါမှာ ပထမဆုံးနစ်နာရတာကတော့ သတင်းစာများဖြစ်ပါတယ်။

အခုဆိုရင် ဘယ်လောက်များဆိုးသလဲဆိုလို့ရှိရင် ဒီသတင်းစာ တစောင်အဖို့ သူတို့ရဲ့လမ်းစဉ်အတိုင်း မပြောလို့၊ မရေးလို့ရှိရင် ချက်ချင်း ပိတ်ပစ်လိုက်ပါတယ်။ နောက်ပြီးတော့ သတင်းစာရယ်လို့ အခု မရှိပါဘူး။ အားလုံးက ဂျာနယ်အဆင့်လောက်ပဲရှိတော့တယ်။ သတင်းစာလုပ်ငန်း၊ မဂ္ဂဇင်းလုပ်ငန်းဟာလည်း ပျက်သုဉ်းသွားသလောက်ပါပဲ။ အဲဒီလောက်ဖိနှိပ်နေပါတယ်။ အခုအခါမှာ ဘယ်လောက်အထိတောင် ချုပ်ချယ်သလဲဆိုရင် သတင်းရေးခွင့်ဆိုတာမရှိ၊ ဝေဖန်ချက်ဆိုတာလည်း အဖြစ်မခံနိုင်ဘူး။ အခုအစိုးရက ဗိုလ်ချုပ်ကြီးသန်းရွှေရဲ့သဘောနဲ့ အုပ်ချုပ်တဲ့ အစိုးရဖြစ်ပါ တယ်။ ဦးနေဝင်းခေတ်က ဆိုပါတော့ မဆလအစိုးရဆိုပြီးတော့ကာ အနည်းဆုံးဝန်ကြီးတွေဘာတွေက သတင်းထောက်တွေနဲ့ ဆက်သွယ်ပြီး တော့ သတင်းပေးရဲဆိုတာ ရှိတော့ကာ နည်းနည်းလေး သတင်းစာလွတ်လပ်ခွင့်ကို ရအောင် ရေးနိုင်ခဲ့ပါတယ်။

အခုတော့ကာ ၁၊ သတင်းစာလည်းမရှိတော့ဘူး။ ၂၊ အဲဒီ သတင်းစာကလည်း အစိုးရသတင်းစာ သာဖြစ်တယ်။ အစိုးရသတင်းစာဆိုတာက အဲဒီလိုရေးလို့ရှိရင် အစိုးရကြိုက်ပဲ ရေးရပါတယ်ဗျာ" ဒါကတော့ ကြေးမုံသတင်းစာရဲ့ အယ်ဒီတာချုပ်ဟောင်းတဦးဖြစ်တဲ့ ကြေးမုံဦးသောင်း ဖြစ်ပါတယ်။

မနေ့က ထုတ်ပြန်ခဲ့တဲ့ WAN ကမ္ဘာ့သတင်းစာများအသင်းကြီးရဲ့ ထုတ်ပြန်ချက်မှာ မြန်မာစစ်အစိုးရအနေနဲ့ သတင်းစာ ဆရာကြီး ဦးဝင်းတင် အပါအဝင် အကျဉ်းထောင်ထဲမှာရှိနေတဲ့ သတင်းထောက်တွေ အားလုံးကို အမြန်ဆုံး ပြန်လွှတ် ပေးဖို့ကိုလည်း တောင်းဆိုခဲ့ပါတယ်။

အသက် (၇၇) ရှိနေပြီဖြစ်တဲ့ သတင်းစာဆရာကြီး ဦးဝင်းတင်ဟာ ၁၉၈၉ ခုနှစ် (၈၈) လူထုအုံကြွမှုကြီး ဖြစ်ပွားပြီးချိန်ကတည်းက ဖမ်းဆီးခံခဲ့ရတာဖြစ်ပြီး အခုဆိုရင် စစ်အစိုးရရဲ့ အကျဉ်းထောင်တွင်းမှာ (၁၈)နှစ်ရှိနေပြီ ဖြစ်ပါတယ်။ ■

"မြန်မာပြည်အခြေအနေမှန်အား ပြည်သူလူထု အချိန်မီသိရှိနိုင်ရန်အတွက်"

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ဗဟိုသတင်းနှင့် ပြန်ကြားရေးဌာနမှ သတင်းစုဆောင်း ထုတ်ဝေဖြန့်ချိလိုက်ပါသည်။

**Contact: + 66 861 946 711**
**E-mail; shwekhamauk@gmail.com**
**Web site:www.shwekhmauk.wordpress.com**

# ဒေါ်အောင်ဆန်းစုကြည်အတွက် ဆက်သွယ်ရေးအရာရှိနှစ်ယောက်ထားရှိရန် စစ်အစိုးရကို တောင်းဆိုမည်

*ဗွီအိုအေ၊ ၂၀ နိုဝင်ဘာလ၊ ၂၀၀၇*

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က သူ့ဘက်က ကိုယ်စားပြုနိုင်မယ့် ဆက်သွယ်ရေး အရာရှိတွေ ခန့်အပ်နိုင်ဖို့ စစ်အစိုးရဆီမှာ တောင်းဆိုမယ်လို့ ပြောပါတယ်။ ဒီအကြောင်းအပြည့်အစုံကို ကိုသိန်းထိုက်ဦးက တင်ပြထားပါတယ်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က စစ်အစိုးရနဲ့ ဆွေးနွေးပွဲတွေမှာ သူ့ဘက်က ဆွေးနွေးနိုင်မယ့် ဆက်ဆံရေး အရာရှိနှစ်ယောက်ခန့်အပ်ဖို့ မြန်မာစစ်အစိုးရကို တောင်းဆိုမယ်ဆိုပြီး အဲန်အယ်လ်ဒီ သတင်းရပ်ကွက်က ပြောလိုက်တာပါ။ ဒီလို ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကိုယ်စားကိုယ်စားလှယ်နှစ်ယောက် ခန့်အပ်ဖို့ဆိုတာ၊ ဘယ်သူဘယ်ဝါတွေကို ခန့်မယ်ဆိုတာကိုတော့ အဲန်အယ်လ်ဒီဘက်ကထုတ် ဖော်ပြောဆိုတာ မရှိသေးပါဘူး။ ဒီသတင်းနဲ့ပတ်သက်လို့ အဲန်အယ်လ်ဒီ ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းကို ဗွီအိုအေက ဆက်သွယ်မေး မြန်းတဲ့ အခါမှာ ဦးဉာဏ်ဝင်းက အခုလိုရှင်းပြပါတယ်။

"ကျနော်တို့ သိခဲ့သလောက်တော့ အကြံပေးအဖွဲ့ဆိုတာမျိုး ဆွေးနွေးတာတော့ မရှိခဲ့ဘူး။ ဟုတ်တယ်၊ မဟုတ်တယ်တော့ ကျနော်လည်း မပြောနိုင်ဘူးပေ့ါ။ ကျနော်တို့ဆွေးနွေးခဲ့တဲ့အထဲမှာ အကြံပေးအဖွဲ့ဆိုတာတော့ မပါဘူး" ဒါဆိုရင် ဘယ်လိုဟာမျိုးပါလဲခင်ဗျ၊ အန်ကယ်တို့ဆွေးနွေးသလောက် ကျနော်တို့သိသင့် သိလို့ရသလောက် ဘာကိုအဓိက တောင်းဆိုကြပါသလဲ။

"ကျနော်တို့ဆွေးနွေးခဲ့တဲ့အထဲမှာ သူ့အတွက် အခုလိုကာလ မှာ ဆက်သွယ်ရေးအရာရှိ နှစ်ယောက် သူအဆိုပြုမယ်လို့ အဲဒီလိုတော့ ဆွေးနွေးပါတယ်" ဆက်သွယ်ရေးအရာရှိနှစ်ယောက်ဆိုတာ ဒေါ်စုဘက်က ဆက်သွယ်ရေးအရာရှိနှစ်ယောက်ပေ့ါနော်။

"ဟုတ်ကဲ့၊ အဲဒါတော့ သူ အဆိုပြုမယ်လို့ပြောပါတယ်"

ဒါဆိုရင် မြန်မာစစ်အစိုးရဘက်ကလည်း ဆက်ဆံရေးအရာရှိ ထားမယ်၊ ဒီဘက်ကလည်း ဆက်ဆံရေးအရာရှိ ထားမယ်ဆိုတော့ အကြိုညှိနှိုင်းမှုအဆင့်ကိုပဲ ပြန်သွားပြီးတော့ အခြေအနေက မတက်သေးဘူး ဆိုတဲ့ သဘောများလား။ ဘာ့ကြောင့် ဒီလိုတောင်းဆိုတာလို့ ထင်ပါသလဲ။

"တောင်းဆိုတာကတော့ ဒေါ်စုကိုယ်တိုင်က အပြင်နဲ့လွတ်လပ်စွာ ဆက်သွယ်ခွင့်မရှိသေးတဲ့ အခြေအနေမှာ အပြင်နဲ့ဆက်သွယ်နိုင်အောင်လို့ ကျနော်တို့ ဒီလိုယူဆပါတယ်" ဘယ်အချိန်တုန်းက တောင်းဆိုလိုက်တယ်ဆိုတာရော အတိအကျသိရလားခင်ဗျ။

"ဘယ်တုန်းကတောင်းဆိုတယ်ဆိုတာတော့ မသိပါဘူး။ ကျနော်တို့ဆွေးနွေးချက်ထဲမှာတော့ ပါပါတယ်"

ဒေါ်စုဘက်က တောင်းဆိုတယ်ဆိုတာကိုတော့ အတည်ပြုလို့ ရတယ် ပေ့ါနော်။

"တောင်းဆိုမယ်ဆိုတာကိုတော့ အတည်ပြုလို့ရတယ်၊ တောင်းဆိုပြီးမပြီးဆိုတာတော့ ကျနော်တို့ မသိပါဘူး"

ဒါကတော့ အဲန်အယ်လ်ဒီပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်း ပြောပြသွားတာပါ။

မနေ့ကပဲ ဒေါ်အောင်ဆန်းစုကြည်ဟာ မြန်မာစစ်အစိုးရရဲ့ ဆက်ဆံရေးအရာရှိ အလုပ်သမားရေးဝန်ကြီး ဦးအောင်ကြည်နဲ့ တွေ့ဆုံခဲ့ ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ ဦးအောင်ကြည်နဲ့ တတိယအကြိမ် တွေ့ဆုံတာပါ။ မြန်မာနိုင်ငံဟာ တွေ့ဆုံဆွေးနွေးရေး လမ်းကြောင်းပေါ်မှာ ရောက်နေပြီလို့ ကမ္ဘာ့ကုလသမဂ္ဂက ပြောဆိုပေမယ့် မြန်မာနိုင်ငံအတွင်း တွေ့ဆုံဆွေးနွေးမှုအနေအထားတွေ တိုးတက်မှုရှိတယ်လို့ အနောက်နိုင်ငံတွေက မယုံကြည်ပါဘူး။ ဒေါ်အောင်ဆန်းစုကြည်က စစ်အစိုးရရဲ့ ဆက်ဆံရေးအရာရှိ အလုပ်သမားရေးဝန်ကြီး ဦးအောင်ကြည်နဲ့ တွေ့ဆုံမှုတွေက အကြိုဆက်သွယ် ညှိနှိုင်းမှုတွေအဖြစ်သတ်မှတ်ပြီး နိုဝင်ဘာလ (၈) ရက်နေ့ကပဲ ကြေညာချက်တစောင်ထုတ် ပြန်ပါတယ်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ အထူးအကြံပေး မစ္စတာ အီဘရာဟင် ဂမ်ဘာရီကတဆင့် ထုတ်ပြန်ခဲ့တဲ့ ဒီကြေညာချက်မှာ အကြိုဆက်သွယ်ညှိနှိုင်းမှုတွေကနေ မြန်မာနိုင်ငံမှာ စစ်မှန်ပြီး အဓိပ္ပာယ် ပြည့်ဝတဲ့ တွေ့ဆုံ ဆွေးနွေးပွဲတွေ ပေါ်ပေါက်လာမယ်လို့ မျှော်လင့်တဲ့အကြောင်းကို ဒေါ်အောင်ဆန်းစုကြည်က ဖော်ပြခဲ့ပါတယ်။ ■

---

# ဒေါ်စု ထုတ်ပြန်ချက် ထောက်ခံသော CRPP အဖွဲ့ဝင် တိုင်းရင်းသားပါတီများ ခေါ်ယူစစ်ဆေးခံရ

*ဒီဗွီဘီ၊ ၂၂ နိုဝင်ဘာလ၊၂၀၀၇*

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ် မစ္စတာ အီဘရာ ဟင် ဂမ်ဘာရီနဲ့ ပေးပို့လိုက်တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ သဘောထား ထုတ်ပြန်ချက်နဲ့ ပတ်သက်ပြီး၊ တိုင်းရင်းသားပါတီ (၁၂) ဖွဲ့က ထောက်ခံကြေညာခဲ့တဲ့အတွက် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မီတီ စီအာပီပီအဖွဲ့ဝင် တိုင်းရင်းသားပါတီ (၅)ခုကို အာဏာပိုင်တွေက ခေါ်ယူစစ်ဆေးခဲ့တာ ဖြစ်တယ်လို့ ပြန်လွှတ်လာသူ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ဝင် ဦးအုန်းတင်က ပြောပါတယ်။

သူတို့ကို ပြီးခဲ့တဲ့ (၂၀) ရက်နေ့က အထူးရဲတပ်ဖွဲ့က ဆွေးနွေးစရာရှိလို့ ခဏလိုက်ခဲ့ပါဆိုပြီး နေအိမ်ကနေ ခေါ်ဆောင်သွားခဲ့တာ ဖြစ်ပါတယ်။ ခေါ်ယူစစ် ဆေးခံရတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မီတီ အဖွဲ့ဝင် တိုင်းရင်းသားပါတီ (၅) ခုက ပုဂ္ဂိုလ်တွေကတော့ ဇိုမီးအမျိုးသား ကွန်ကရက် ဥက္ကဌ ပူကျင့်ရှင်းထန်၊ ကချင်ပြည်နယ် ဒီမိုကရေစီကွန်ကရက်၊ ဌာနေကိုယ်စားလှယ် ဦးခွန်ထူး၊ မွန်အမျိုးသား ဒီမိုကရေစီအဖွဲ့ ဒုတိယ ဥက္ကဌ နိုင်ငွေသိန်း၊ အမျိုးသားဒီမိုကရေစီမှ ဦးစိုးဝင်းနဲ့ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုကော်မတီဝင် ဦးအုန်းတင်တို့ ဖြစ်ပါတယ်။ ဒါပေမယ့် ဦးအုန်းတင်နဲ့ ဦးခွန်ထူးကို မနေ့က (ဗုဒ္ဓဟူးနေ့) ပြန်လွှတ်ပေးခဲ့ပြီး၊ မနေ့က ခေါ်ယူစစ်ဆေး ခံရတဲ့ နိုင်ငွေသိန်းကိုလည်း ဒီကနေ့ (ကြာသပတေးနေ့) ညနေမှာ ပြန်လွှတ်ပေးခဲ့ပါတယ်။ အခုလို စီအာပီပီအဖွဲ့ဝင် တိုင်းရင်းသားပါတီတွေ ခေါ်ယူစစ်ဆေးခံရတာနဲ့ ပတ်သက်ပြီး ပြန်လွှတ်လာသူ ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မီတီအဖွဲ့ဝင်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုကော်မီတီဝင် ဦးအုန်းတင်ကို ဆက်သွယ်မေးမြန်းရာမှာ အခုလို စတင်ပြောပြပါတယ်။

"ဘာတွေမေးတာလဲ ဆိုတော့ မစ္စတာ ဂန်ဘာရီကတဆင့် ထုတ်ပြန်တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ သဘောထားအပေါ်မှာ ထောက်ခံချက်ပေးသလားဆိုတာ မေးတာပါ။ ကျွန်တော်တို့က ဖြောင့်ဝင်ချက်ပေးတယ်လို့ ပြောပါတယ်။ ဘာဖြစ်လို့ ဖြောင့်ဝင်ချက် ပေးသလဲလို့ မေးပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ သဘောထား ထုတ်ပြန်ချက်တွေဟာ ကျွန်တော်တို့ရဲ့ အခြေခံမူဝါဒတွေနှင့် ကိုက်ညီတဲ့အတွက် ကျွန်တော်တို့ ထောက်ခံတာပါလို့ ကျွန်တော်တို့က ပြောပါတယ်။ အဲတော့ အန်ကယ်လ်တို့ရဲ့ အခြေခံမူ ဝါဒက ဘာလဲတဲ့ ပြန်မေးပါတယ်။ ရဲမှူးက ကျွန်တော်တို့ရဲ့ အခြေခံမူဝါဒ နှစ်ခုပေ့ါ၊ နံပတ်တစ် အခြေခံမူဝါဒကတော့ ဗမာပြည်ရဲ့ နိုင်ငံရေး ပြဿနာတွေကို တွေ့ဆုံဆွေးပြီး ဖြေရှင်းမှသာ ရမယ်။ တွေ့ဆုံဆွေးနွေးတယ် ဆိုတဲ့ အခါမှာ နိုင်ငံတော် အစိုးရရော ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်တဲ့

ဒီမိုပရေစီ အင်အားစုနှင့် တိုင်းရင်းသားလူမျိုးစုတွေ၊ လူမျိုးစု ကိုယ်စားလှယ်တွေ သုံးပွင့်ဆိုင် ဆွေးနွေးမှသာ ပြေလည်နိုင်မယ်လို့ ကျွန်တော် ခံယူထားပါတယ်။ တိုင်းရင်းသား လူမျိုးစုကိုယ်စားလှယ်များဆိုတဲ့ နေရာမှာလဲပဲ ကျွန်တော်တို့မှာ သတ်သတ်မှတ်မှတ် ချမှတ်ထားတဲ့ မူဝါဒ ရှိပါတယ်လို့ ဒီအပေါ်မှာ တရားဝင် သို့မဟုတ် နိုင်ငံရေး ကိုယ့်အမျိုးသားရဲ့ အကျိုးစီးပွားအတွက် ဦးတည်ပြီးတော့ ထူထောင်သွားတဲ့ နိုင်ငံရေး ခေါင်းဆောင်တွေ အစိုးရနှင့် အပစ်အခတ် ရပ်စဲရေးယူထာတဲ့ အဖွဲ့အစည်းတွေရဲ့ နိုင်ငံရေး ခေါင်းဆောင်တွေ အစိုးရနှင့် အပစ်အခတ် ရပ်စဲရေး မယူထားတဲ့ လက်ရှိ တပ်ဖွဲ့တွေရဲ့ တပ်ဖွဲ့တွေ လူမျိုးစု တပ်တွေရဲ့ ခေါင်းဆောင်တွေ မိမိရဲ့ အမျိုးသားရေး အကျိုးစီးပွားအတွက် နိုင်ငံရေးလုပ်နေတဲ့ ပြည်ပကို ရောက်ရှိနေတဲ့ ခေါင်းဆောင်တွေ ဒီဟာတွေကို ကျွန်တော်တို့ တိုင်းရင်းလူမျိုးစုတွေရဲ့ ကိုယ်စားလှယ်တွေလို့ ခေါ်ပါတယ်။ သူတို့အချင်းချင်း တွေ့ဆုံဆွေးနွေးပြီး ခါမှ သူတို့ရဲ့ တင်မြှောက်တဲ့ ခေါင်းဆောင်တွေဟာ ကျွန်တော်တို့ရဲ့ တိုင်းရင်းသားလူထုရဲ့ ကိုယ်စားလှယ်ဖြစ်ပါတယ် လို့ ကျွန်တော် ပြောပါတယ်" အဲလိုမျိုးရှင်းပြတော့ သူတို့ ဘယ်လို ပြန်တုန့်ပြန်တာလဲ အန်ကယ်လ်။

"သူတို့ကတော့ သိပ်ပြီးတော့ ပွင့်ပွင့်လင်းလင်း ပြန်ပြီးတော့ တုန့်ပြန်တာ မေးတာပြုတာမျိုးတော့ မရှိဘူး" အဲလိုမေးပြီးတော့ အခု သူတို့က အန့်ကယ်လ်ကို ဘယ်လိုနည်းနှင့် ပြန်လွှတ်ပေးလိုက်တာလဲ။

"ဘယ်လိုနည်းနှင့် ပြန်လွှတ်ပေးလိုက်သလဲဆိုတော့ ဒီဟာကို ကြေညာချက် ထုတ်ပြန်တာကို ဘယ်သူက တာဝန်ယူပြီး လုပ်သလဲဆိုတာကို သူတို့ ကမေးတာပဲ။ သူတို့ရဲ့ မေးမြန်းချက်အရ ကျွန်တော့်ရဲ့ ဖြေဆိုချက်အရ ဆိုလို့ ရှိရင်တော့ ဒီဟာကို ဒီသတင်းကို ရတာနှင့် ဒီကြေညာချက်အကြောင်း ထွက်တာနှင့် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကြေညာချက်ကို မနက် ရေဒီယို သတင်းမှာရတာနှင့် တပြိုင်နက် ကျွန်တော်က တယ်လီဖုန်း ဆက်ပြီးတော့ အခု ရဲဘော်တွေကို ကျနော်က အစည်းအဝေးခေါ်တယ်။ အစည်းအဝေး ခေါ်ဖို့အတွက် ကျနော်က ပြောတယ်။ အစည်းအဝေးမှာ သူတို့ ဆုံးဖြတ်ချက် အတိုင်း ဆုံးဖြတ်ချက်ကို ကျနော်က စာကြမ်းရေးတယ်။ စာကြမ်းရေးပြီးတော့ အဲဒါကို ကွန်ပျူတာစာစီစာရိုက်တယ်။ ပြီးတော့မှ အဲဒါတွေကို ဖြန့်ဝေတယ်။ သူတို့က အဲဒါတွေကို မေးတဲ့အခါ အဲဒီလမ်းကြောင်း သုံးခုစလုံးက ကျနော် လုပ်နေတဲ့ အလုပ်ဖြစ်နေတယ်။ တခြားလူတွေလဲ တိုင်ပင်တာပေါ့လေ။ အဲလို ထွက်ဆိုချက်တွေ ဘာညာပြီးတဲ့အခါမှာ နောက်တရက် မနေ့ကပေါ့ (၂၄) ရက်နေ့ မနက်ဖက်မှာ ကျနော့်ကို စစ်ဆေးတဲ့ ရဲမှူးက လာပါတယ်။ မနေ့က အန်ကယ်ထွက်တာ တော်တော်လေး ပြည့်ပြည့်စုံစုံ ဖြစ်ပါတယ်တဲ့။ တော်တော်လဲ ကျနော်တို့ တွေးထားတဲ့ အချက်အလက်တွေနဲ့ တော်တော်လဲ မှန်ပါတယ်တဲ့။ အဲဒါကို ဒီဟာကို လီဂယ်လိုက်ဇ် လုပ်ရအောင်တဲ့ လီဂယ်လိုက်ဇ်လုပ်တယ်ဆိုတာ ဘာကိုပြောတာလဲလို့ကျနော်က မေးတယ်။ ကျနော်တို့ ဆီမှာ ထွက်ဆိုသလိုပဲ တရားရုံးမှာ ထွက်ဆိုပေးဖို့ပြောတာပါတဲ့။ ဆိုတော့ ကျနော်ကတော့ ထွက်ဆိုချက်ဟာ ကျနော့်မှာ ဆရာတို့ဆီမှာလဲ ဒီထွက်ဆိုချက်ပဲ။ တရားရုံးမှာ ထွက်ရင်လဲ ဒီထွက်ဆိုချက်ပဲ။ ဘယ်သူကပဲ စစ်မေးစစ်မေး ဒီအတိုင်းပဲရှိနေမှာပဲလို့၊ ဝမ်းသာပါတယ်တဲ့။ နောက်ထပ်ရဲအရာရှိလေးယောက်ပါတယ်။ ခုတ်ပုံဆရာတယောက်ပါတယ်။ အရင်က ကျနော့်ကို အမှုစစ်နေကျ ရဲအရာရှိ နှစ်ယောက်ပေါ့လေ၊ ဦးလှမြင့် အပါအဝင် အန်ကယ်တဲ့ ဒီဟာကို တရားရုံးမှာ ထွက်ဆိုဖို့ သဘောတူတယ်ဆိုတာကို ခံဝန်ချက်ကလေး လျှောက်လွှာလေးရေးပေးပါ လက်မှတ်ထိုးပါတဲ့။ ဆိုတော့ ကျနော်က တရားရုံးမှာ ထွက်ပေးဖို့ကိစ္စက နံပါတ်တစ် ကျနော်က ကိုယ့်ဟာကိုယ် အက်ဒမင့်န်ရှင် လုပ်တဲ့သဘောလား။ နံပါတ်နှစ် ကျနော်က ကိုယ့်ဟာကိုယ်ပရော်ဖက်ရှင် ပေးတဲ့သဘောလား။ နံပါတ်သုံး အစိုးရဖက်က သက်သေအဖြစ်နဲ့ လိုက်ခဲ့ရမဲ့ သဘောလား။ နံပါတ်လေး ကျနော်ကနေပြီးတော့ ဖော်ကောင်လုပ်ရမဲ့ အလုပ်လား။ ဒီအချက်လေးချက် တချက်ချက် ဖြစ်တယ်ဆိုရင်တော့ ကျနော်က လက်မှတ်မထိုးနိုင်ဘူးလို့ ပြောလိုက်တယ်။ မဟုတ်ပါဘူးတဲ့ ဒီထွက်ဆိုချက် အတိုင်းပဲတရားရုံးမှာ ထွက်ပေးပါတဲ့။ ကျနော်တို့ရဲ့ လုပ်ဖော်ကိုင်ဖက်တွေကို ဒုက္ခဖြစ်စေမဲ့ လုပ်ရပ်မျိုးကိုတော့ ကျနော်မလုပ်ဘူးလို့။ ကျနော်က အဲလို ပြောလိုက်တယ်။ မဟုတ်ပါဘူး အန်ကယ်တဲ့ အဲဒါနဲ့ ကျနော်တို့ကို တရားရုံးကို ခေါ်သွားတာပေါ့ဗျာ။ တရားရုံး ရောက်တဲ့အခါ ကျနော်က တရားသူကြီးကို ထပ်ပြီးတော့မေးတယ်။ ဆရာမလို့၊ ဒီအချက်လေးချက်ကို ကျွန်တော် အခု ဒီစတိတ်မင့်ပေးရမဲ့ ထွက်ထိုချက်ပေးရမဲ့ အထဲမှာ ဒီအချက်လေးချက်နှင့် အကြုံးဝင်သလားလို့ ဒီအချက် လေးချက်နှင့် အကြုံးဝင်တယ် ဆိုလို့ရှိရင်တော့ ကျွန်တော် မထွက်ဆိုနိုင်ဘူးလို့၊ အခြားတော့ ကျွန်တော်ထင်တာကတော့ဗျာလို့ ရဲရှေ့ ထွက်ဆိုချက်ဟာ တရားမဝင်ဘူးလို့ သက်သေခံ အက်ဥပဒေမှာရှိနေတော့၊ အဲဒီမှာ ရဲရှေ့ ထွက်ဆိုချက်ကို တရားဝင်ဖြစ်ဖို့အတွက် ဆရာမတို့ဆီမှာလာပြီး ထွက်ဆိုခိုင်းတာလို့ ကျွန်တော်ထင်တယ်လို့။ အဲတော့ တရားသူကြီးမက အန်ကယ်လ်တို့ ကိစ္စက ပေါ်လစီကိစ္စတဲ့ ကျွန်မတို့လဲ သူတို့ဟာသူတို့ ဘာလုပ်မလဲ မသိဘူးတဲ့။" ဟုတ်ကဲ့ ဘာအတွက်နှင့် ရုံးထွက်ချက် ပေးရတာလဲ အန်ကယ်လ်။

"အဲဒါကို တရားသူကြီး ကိုယ်တိုင်ကလဲ မသိဘူး။ (၈) နာရီ မတ်တင်းလောက်မှာ ကျွန်တော် ညနေစာ စားပြီးချိန်လောက်မှာ အဲဒီ ရဲမှူး လှမြင့် ရောက်လာပါတယ်။ အန်ကယ်လ်တဲ့ ကျွန်တော်တို့ အန်ကယ်လ်ကို လွှတ်ပါတော့မယ်တဲ့။ ဒါပေမဲ့ မလွှတ်ခင်တဲ့ အန်ကယ်လ်၊ ကျွန်တော်တို့ကို ကတိခံဝင်ချက်ကလေးပေးပါတဲ့ ကျွန်တော် ဖတ်ကြည့်ပါရစေလို့ ပြောတော့ သူစာရွက်ကို ပေးပါတယ်။ ကတိခံဝင်ချက် နှစ်ခုပါ ပါတယ်။ တစ်ခု ဘာလဲဆိုလို့ရှင် သူတို့က ဒီလို ခေါ်ယူစစ်ဆေး မေးမြန်းတယ်။ ထွက်ဆိုချက်တွေ တောင်းဆိုတယ် ဆိုတဲ့အကြောင်းကို မပေါက်ကြားအောင် ထွက်ပေးရမယ်တဲ့ တကယ်လို့ ပေါက်ကြားခဲ့တယ်ဆိုလို့ရှိရင် အော်ဖစ်ရှယ် စီးကရက် အက်အရ အရေးယူခြင်း ခံရမယ်ဆိုတာ သိပါတယ်လို့ အဲလိုပါတယ်။ ပထမ အပိုဒ်မှာ ဆိုတော့ ကျနော်က မေးပါတယ်။

ဗိုလ်မှူး အော်ဖစ်ရှယ် စီးကရက်အက်နဲ့ ကျနော်တို့နဲ့ မဆိုင်ဘူးထင်တယ်။ ဆိုင်လို့လားလို့ သူကတော့ ဘာမှတော့ မပြောဘူး။ ဆိုတော့ ကျနော်က ဘာပြောသေးလဲဆိုတော့ ဗိုလ်မှူးကျနော်အပြင်ကို ထွက်သွားရင်တော့ လူတွေကမေးမှာပဲလို့ မေးရင် ကျနော်ကတော့ ပြောမိမှာပဲလို့ သူက ပြည်ပ မီဒီယာအဖွဲ့တွေလဲ မပို့ရဘူးတဲ့ အဲလို ပါပါတယ်။ ဆိုတော့ မေးတာတွေ တော့ ပြောမှာပဲလို့။" မနေ့က ပြန်လွှတ်လာတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မီတီအဖွဲ့ဝင် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုကော်မီတီဝင် ဦးအုန်းတင်ကို ဆက်သွယ်မေးမြန်းခဲ့တာ ဖြစ်ပါတယ်။

ခေါ်ဆောင်သွားသူ (၅) ဦးထဲမှာ ပူကျင့်ရှင်းထန်ကို ပြန်မလွှတ်ပေးတဲ့အပြင် ဒီကနေ့ (ကြာသပတေးနေ့) ညနေပိုင်းက အထူးရဲတပ်ဖွဲ့က နေအိမ်ကို ရောက်ရှိလာပြီး အဝတ်အစားနဲ့ ပစ္စည်းတချို့ကို ထည့်ပေးဖို့ လာရောက်အကြောင်းကြားခဲ့တယ်လို့ ပူကျင့်ရှင်း ထန်ရဲ့မိသားစုဝင်က ဒီဗွီဘီကို ပြောပြသွားပါတယ်။ ■

## အစိုးရ ပထမပြန်စာမေးပွဲကို သံဃာတော်များက သပိတ်မှောက်ရန် ပြင်ဆင်

*ဒီဗွီဘီ၊ ၂၂ နိုဝင်ဘာလ၊၂၀၀၇*

အစိုးရ ပထမပြန်စာမေးပွဲကို သံဃာတော်များက သပိတ်မှောက်ရန် ပြင်ဆင် စစ်အစိုးရက ဦးစီးကျင်းဖို့ ပြင်ဆင်နေတဲ့ ပထမပြန်စာမေးပွဲတွေကို သပိတ်မှောက်ကြဖို့ သံဃာ့ ကိုယ်စားလှယ်အဖွဲ့က ဒီကနေ့ တိုက်တွန်းလိုက်ပါတယ်။ စက်တင်ဘာ ဆန္ဒပြပွဲတွေ ပြီးကတဲက တိမ်းရှောင်နေရတဲ့ သံဃာ့တပ်ပေါင်းစု ကိုယ်စားလှယ် ဆရာတော်တပါးက အခုလို တိုက်တွန်းလိုက်တာ ဖြစ်ပါတယ်။ "သံဃာ့ ကိုယ်စားလှယ်အဖွဲ့၏ သံဃာထုသို့ ပန်ကြားချက် (၁/၂၀၀၇)။ သံဃာ့ ကိုယ်စားလှယ်အဖွဲ့ရဲ့ အထူးကြေညာချက်ပါ ဘုရား။ သံဃာတော် အရှင်သူမြတ်ဆို့ ဘုရား၊ ဘုရားတပည့်တော်တို့

သံဃာ့ကိုယ်စားလှယ်အဖွဲ့မှ အရှင်ဘုရားများအား ရိုသေစွာ လျှောက်ထားအပ်ပါသည်ဘုရား။ ဘုရားတပည့်တော်တို့သည် မြတ်စွာဘုရားရှင်၏ ဝိနည်းစည်းကမ်းဥပဒေနှင့် လျော်ညီစွာ ပတ္တနိက္ကုဇ္ဇနကံ သပိတ်မှောက်ထားသည် ဖြစ်သောကြောင့် နိုင်ငံတော်အစိုးရ၏ နှစ်စဉ် နှစ်တိုင်း ကျင်းပမြဲဖြစ်သော အစိုးရ ပထမပြန် စာမေးပွဲများကို ဝင်ရောက် ဖြေဆိုခြင်း မပြုလုပ်ကြပါရန် ဘုရားတပည့်တော်တို့ သံဃာ့ကိုယ်စားလှယ်အဖွဲ့မှ ရိုသေလေးမြတ်စွာ လျှောက်ထား အပ်ပါသည်ဘုရား။

ရဟန်းရှင်လူ ကျောင်းသားပြည်သူတို့အား အထူးပန်ကြားလိုသည်မှာ သံဃာတော်များ ဦးဆောင်သည့် စက်တင်ဘာ သံဃာ့ အရေးအခင်းကြီးကို မမေ့ကြဖို့ရန်နှင့် ဆက်လက် တိုက်ပွဲဝင်သွားကြပါလို့ သံဃာ့ ကိုယ်စားလှယ်အဖွဲ့မှ အထူး မေတ္တာရပ်ခံအပ်ပါသည်။

နိဂုံးချုပ်အနေအားဖြင့် ပြည်ပနိုင်ငံများ၌ ဖွဲ့စည်းလိုက်သော သာသနာ့ ဥသျှောင် ဆရာတော်ဘုရားကြီးများအား အထူးထောက်ခံပါကြောင်းနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီနှင့် လူ့အခွင့်အရေး ပုဂ္ဂိုလ် မစ္စတာ ပီညဲရိုး၊ ဒေါ်အောင်ဆန်းစုကြည်အပါအဝင်၊ ကမ္ဘာ့ ခေါင်းဆောင် အသီးသီးတို့ရဲ့ မြန်မာပြည်အပေါ်ထားရှိတဲ့ မေတ္တာ စေတနာများကို အထူးလေးစား ထောက်ခံပါကြောင်းနှင့် ရဟန်းရှင်လူ ကျောင်းသားပြည်သူ အပေါင်းတို့ကလဲ ဆက်လက် တိုက်ပွဲဝင်သွားကြပါလို့ မေတ္တာ ရပ်ခံအပ်ပါသည်။

သံဃာ့ကိုယ်စားလှယ်အဖွဲ့ တိမ်းရှောင်နေသော တနေရာမှ အထွေထွေ ဦးစီးမှူး။ သံဃာ့တပ်ပေါင်းစု ကိုယ်စားလှယ်အဖွဲ့ရဲ့ ကြေညာချက် မူရင်းကို ဖတ်ကြားပေးခဲ့တာ ဖြစ်ပါတယ်၊ ဒီအဖွဲ့ကို စက်တင်ဘာ ဆန္ဒပြပွဲတွေအတွင်း အဖွဲ့ဝင် သံဃာ (၁၅)ပါးနဲ့ ဖွဲ့စည်းခဲ့တာ ဖြစ်ပါတယ်။ ဒီထဲ က တချို့ကို စစ်အစိုးရက ဖမ်းဆီးမိသွားပြီး၊ တချို့က တိမ်းရှောင်ဆဲ၊ တချို့က နယ်စပ်ဒေသဆီ ရောက်နေကြပါတယ်။ ဒီလိုနေရာ အသီးသီးမှာ ရောက်နေတဲ့ ဦးဆောင်သံဃာတွေက ပြန်လည်စုစည်းပြီး ဒီကြေညာချက် ထုတ်ပြန်တာလို့ သိရပါတယ်။ ■

## တင်းကြပ်တဲ့ ကန့်သတ်ချက်တွေကြောင့် သံဃာတော်တွေ ခရီးသွားလာရေး ခက်ခဲ

*အာအက်ဖ်အေ၊ ၂၀ နိုဝင်ဘာလ၊ ၂၀၀၇*

စက်တင်ဘာ သံဃာအရေးအခင်းပြီးတဲ့နောက်ပိုင်း တိုင်းပြည်အတွင်း သံဃာတော်တွေသွားလာတာကို စစ်ဆေးမေးမြန်းတာတွေနဲ့ ခရီးသွားလာမှုတွေအပေါ် တင်းကြပ်မှုတွေပြုလုပ်တဲ့အတွက် သံဃာတွေအနေနဲ့ အတော်ကလေး စိတ်မချမ်းမသာဖြစ်နေတယ်လို့ သတင်းရရှိပါတယ်။

နယ်ကနေ ရန်ကုန်ကို ခရီးသွားရင်း ကားနဲ့သွားသွား ရထားနဲ့သွားသွား ရန်ကုန်ဂိတ်ဆုံးကို ရောက်တာနဲ့ သံဃာတော်တွေဟာ လိုရာကိုသွားခွင့်မရဘဲ စစ်ဆေးမေးမြန်းတာတွေကို နာရီနဲ့ကြာအောင် ခံကြရတယ်လို့ ဆိုပါတယ်။

မကြာသေးမီကမှ နယ်ကနေရန်ကုန်ကို သာသနာ့ကိစ္စနဲ့ခရီးသွားခဲ့တဲ့ ဆရာတော်တပါးက အခုလို အမိန့်ရှိပါတယ်။

"အားလုံးသံဃာတွေ စိတ်ဆင်းရဲနေကြတယ်။ ဦးဇင်းတို့အပါအဝင် အားလုံး၊ အားလုံး၊ တတိုင်းပြည်လုံးပါပဲ။ ဟိုတုန်းကလည်း သိတဲ့အတိုင်းပဲလေ။ အကြမ်းဖက်ထားတဲ့ ကိစ္စတွေသိပါတယ်။ အဲဒီတုန်းကတော့ အကြမ်းပေါ့။ အခုဟာက အနုနည်းနဲ့ နှိပ်စက်နေတယ်လို့ ပြောရမှာပဲ။ ဘာဖြစ်လို့လည်းဆိုတော့ ပင်နဲရိုးလာတဲ့ချိန်မှာ နယ်ကနေရန်ကုန်ကို ခရီးသွားမယ်ဆိုရင် ကားဂိတ်ကိုရောက်ရင် ထမင်းကြော်တနပ် ကပ်တယ်။ ငွေ နှစ်ထောင်ပေးပြီး ပြန်လွှတ်တယ်၊ နယ်ကို ပြန်ခိုင်းတာ၊ ရထားမှာဆိုရင်တော့ ပြန်တော့မလွှတ်ဘူး။ စစ်ဆေးတယ်၊ တနာရီလောက် စစ်ဆေးတယ်လို့ ကြားတာပေါ့။ အခုကိုယ် တိုင်ခရီးရောက်တဲ့အခါကြတော့ စစ်ဆေးတာ (၄၅)မိနစ်လောက်ကြာတယ်။ စိတ်တော့ဆင်းရဲစရာ

ပဲ။ အကုန်လုံး အဲဒီထဲမှာ နိုင်ငံတော်အဆင့်တို့၊ တိုင်းအဆင်တို့၊ မြို့နယ်အဆင့်တို့ အကုန်လုံးသံဃာအဖွဲ့အစည်းက ဆရာတော်ကြီးတွေ လည်းပါတယ်။ ဝါကြီးမှန်းမသိ။ ဒီသံဃာတွေက ဘယ်လိုသံဃာတွေ မှန်းမသိ။ စစ်ဆေးမေးမြန်းခံရတော့ ဆရာတော်ကြီးတွေလည်း အလွန်နှလုံး မသာမယာဖြစ်ကြတယ်လို့ ဆရာတော်ကြီးတွေနဲ့ အတူသွားတဲ့ ဦးဇင်းကိုယ်တိုင်သိရတယ်ပေါ့။"

စစ်ဆေးမေးမြန်းပြီးလဲ သွားခွင့်မပြုသေးဘဲ သွားရောက်မယ့်ကျောင်းက သံဃာတွေကနေ ဟုတ်မှန်ကြောင်း အာမခံလက်မှတ်ရေးထိုးပေးမှ သွားရတယ်လို့ဆိုပါတယ်။

ဒီလိုဘုရားအာဏာစက်နဲ့ရဟန်းပြုထားတဲ့ သံဃာတော်တွေကို ဟိုသံဃာကအတု၊ ဒီသံဃာက အစစ် စသည်ဖြင့် စစ်ဆေးတာတွေ၊ ဖမ်းဆီးတာတွေဟာ မသင့်လျော်ဘူးလို့ ဆရာတော်က အမိန့်ရှိပါတယ်။

"အဲဘုရားရဲ့အာဏာတော်ကို အာဏာသိမ်းလိုက်ပြီလို့ ခံစားရတယ်။ အာဏာသိမ်းတယ်ဆိုတဲ့နေရာမှာလည်း ဒါကသိသာထင်ရှားအောင် ပြောတာပါ။ သိမ်းလို့တော့မရပါဘူး။ ဦးဇင်းတို့ ရဟန်းတွေကို ကံဆောင်ပြီးတော့မှ ခက်ခက်ခဲခဲ ပြည့်စုံခြင်းတရားတွေ ဝတ္ထုပြည်စုံခြင်း၊ သိမ်ရဲ့ပြည့်စုံခြင်း၊ ကမ္မဝါစာရဲ့ပြည့်စုံခြင်း၊ ပရိတ်သတ်ရဲ့ပြည့်စုံခြင်းတို့ စတာတွေကို သံပတ္တိလို့ခေါ်ပါတယ်။ အဲဒါမှ ကံဆောင်လို့ရပြီးတော့ ရဟန်းဖြစ်ရတယ်။ ဒီရဟန်းတွေကို သူတို့ရဲ့အာဏာကို ထိပါးလာတဲ့အခါမှာ ဒါကရဟန်းအစစ်မဟုတ်ဘူး။ ဒါက ရဟန်းအတုလို့ ဒီလိုပြောဆိုတာဟာ ဘုရားရဲ့လာဏာတော်နဲ့ ရဟန်းဖြစ်ရတဲ့ ရဟန်းတွေကို ရဟန်းမဟုတ်ပါဘူးလို့ပြောတာ ဒါဟာဘုရားရဲ့အာဏာတော်ကို သိမ်းတယ်လို့ ဦးဇင်းတို့ခံစားရတယ်။"

သံဃာတွေကနေ အကောင်းမြင်စေခြင်တယ်ဆိုရင် အခုလို သံဃာထုအပေါ် ဖိနှိပ်ကန့်သတ်မှုတွေပြုနေမယ့်အစား သံဃာတွေကို လွှတ်လွှတ်လပ်လပ်သွားလာခွင့်၊ သီးတင်းသုံးခွင့်ပြုခြင်းအားဖြင့် စည်းရုံးပါလို့လည်း အကြံပေးလိုကြောင်း ဒီဆရာတော်က အမိန့်ရှိပါတယ်။■

## ကျောင်းသားခေါင်းဆောင်တဦးရဲ့ မိဘနှစ်ပါးကို အာဏာပိုင်တွေက တရားစွဲဆိုထား

*အာအက်ဖ်အေ၊ ၂၂ နိုဝင်ဘာလ၊ ၂၀၀၇*

အာဏာပိုင်တွေက အောက်တိုဘာ (၉)ရက်မှာ ဖမ်းဆီးသွားတဲ့ ရန်ကုန်စီးပွားရေးတက္ကသိုလ်ကျောင်းသား ကိုစည်သူမောင်ရဲ့ မိခင်နဲ့ ဖခင်တို့ကို ဖမ်းဆီးခေါ်ဆောင်သွားပြီး ပြစ်မှုသုံးမှုနဲ့ ရဲက တရားစွဲဆိုထားတယ်လို့ အာအက်ဖ်အေက စုံစမ်းသိရှိရပါတယ်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် ခေါင်းဆောင် ကိုစည်သူမောင်ရဲ့ ဖခင် ဦးပီတာနဲ့ မိခင် ဒေါ်နုနုဆွေတို့ကို သက်ဆိုရာက နိုဝင်ဘာ (၁၉)ရက်က လာရောက်ဖမ်းဆီးသွားပြီး ရဲကတရားစွဲဆိုထားတယ်လို့ ဒီအမှုကို လိုက်ပါဆောင်ရွက်နေတဲ့ ရှေ့နေဦးပိုးဖြူက အာအက်ဖ်အေကို ပြောပါတယ်။

"အခုစွဲဆိုထားတာက ပုဒ်မ ၃၅၃၊ ၂၂၅၊ ၅၀၅ ပြစ်မှုဆိုင်ရာ ဥပဒေတွေနဲ့ စွဲဆိုထားတာ၊ ဆိုလိုတာကတော့ ပြည်သူ့ဝန်ထမ်းကို လက်ရောက်အနိုင်အထက်ကျင့်မှု ကျူးလွန်တဲ့အတွက် ပုဒ်က ၃၅၃ နဲ့တရားစွဲထားတယ်။ နောက်တခါ စည်သူမောင်ကို လာရောက်ရှာဖွေ ဖမ်းဆီးဖို့လာတဲ့အချိန်မှာ တာဝန်ရှိတဲ့သူတွေကို ဟန့်တား နှောက်ယှက်တဲ့အတွက် ထိတ်လန့်အောင်လုပ်တယ်ဆိုတဲ့ ပုဒ်မနဲ့တရားစွဲထားတယ်။"

နိုဝင်လာ (၂၁)ရက်မှာ ဦးပီတာနဲ့ ဒေါ်နုနုဆွေတို့ကို လှိုင်မြို့နယ်၊ တရားရုံးထုတ်လာတဲ့အခါ အမှုနဲ့မပတ်သက်တဲ့အပြင် နေအိမ်မှာ သုံးတန်းနဲ့ လေးတန်းအရွယ် သမီးနှစ်ယောက်ကျန်ခဲ့တဲ့အတွက် ဒေါ်နုနုဆွေကို အာမခံပေးဖို့ လျှောက်ထားတဲ့အခါ နောက်တပတ်မှ စဉ်းစားမယ်လို့ပြောပြီး တရားသူကြီးက ပယ်ချခဲ့ပါတယ်။

ဦးပီတာနဲ့ဒေါ်နုနုဆွေတို့ကို လှိုင်မြို့နယ်ရဲစခန်းမှာ ချုပ်နှောင်ထားပြီးနောက် အင်းစိန်ထောင်ပို့လိုက်တယ်လို့လည်း သိရပါတယ်။

ကိုစည်သူမောင်ကို မိဘတွေနေအိမ်မှာ အရပ်ဝတ်လူတစု ညဘက်လာရောက်ရှာဖွေချိန်က ဘယ်သူမှန်းမသိလို့ ဦးပီတာက အိမ်တံခါးဖွင့်မပေးလိုက်ပါဘူး၊ နောက်တခေါက်ကျမှ ရပ်ကွက်လူကြီးတွေ ပါလာမှ တံခါးဖွင့်ပေးတယ်လို့ သိရပါတယ်။ ပထမတခေါက် အရပ်ဝတ်တွေလာတုန်းက ဒေါ်နုနုဆွေဟာ အိပ်ပျော်နေတဲ့အတွက် တံခါးဖွင့်မပေးတဲ့ ကိစ္စနဲ့မသက်ဆိုင်ပါပဲ သူ့ကိုပါ ဖမ်းဆီးခဲ့တာပါ။

ကိုစည်သူမောင်ဟာ (၈၈)မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုဂျင်မီနဲ့ဆက်နွယ်သူဖြစ်ပါတယ်။ ဇူလိုင်လ (၇)ရက်မှာ ကြေညာချက်ထုတ်ပြီး အာဇာနည်နေ့မှာ ချီတက်ဖို့ စီစဉ်တယ်။ ကျောင်းသားအခွင့်အရေးဆိုပြီး ဆူပူလှုပ်ရှားဖို့ ဖန်တီးနေတယ်လို့ စစ်အစိုးရသတင်းစာမှာ စွပ်စွဲဖော်ပြခဲ့ပါတယ်။

ကိုစည်သူမောင်ရဲ့ မိဘတွေကို လှိုင်မြို့နယ်တရားရုံးမှာ နောက်တပတ် ကြာသာပတေးနေ့မှာ အမှုဆက်စစ်ဆေးမယ်လို့ သိရပါတယ်။■

## အမည်မသိဘုန်းတော်ကြီးတပါး ကားဂိတ်မှာ အဖမ်းဆီးခံရ၊ ဖမ်းဆီးပုံ ကြမ်းတမ်း

***အာအက်ဖ်အေ၊ ၂၂ နိုဝင်ဘာလ၊ ၂၀၀၇***

မန္တလေးတိုင်း မိတ္ထီလာမြို့ အဝေးပြေးကားဝင်းထိပ်မှာ ပြီးခဲ့တဲ့ရက်ပိုင်းက ဘုန်းတော်ကြီးတပါးကို အာဏာပိုင်တွေက ဖမ်းဆီးလိုက်ပါတယ်။ ဖမ်းဆီးရာမှာ အတော်ကို ကြမ်းတမ်းတယ်လို့ မျက်မြင်သက်သေတွေက ပြောပါတယ်။

ပြီးခဲ့တဲ့ နိုဝင်ဘာ (၂၀)ရက်နေ့ညနေ (၅)နာရီအချိန်လောက်က တောင်ငူကနေ မန္တလေးကို ပြေးဆွဲနေတဲ့ မိုးဟိန်းမှန်လုံ လူစီးကားရှေ့ တံခါးပေါက်ကနေဆင်းလာတဲ့ ဘုန်းတော်ကြီးတပါးကို အရပ်ဝတ်နဲ့အာဏာပိုင်တွေက ဖမ်းဆီးလိုက်တာဖြစ်ပါတယ်။ အဲဒီဘုန်းကြီးကို ဖမ်းဆီးပုံနဲ့ပတ်သက်ပြီးတော့ မျက်မြင်သက်သေတယောက်က ပြောပြပါတယ်။

"ကားဝင်းဖက်ကနေ ကားလမ်းအကူးမှာ အရပ်ဝတ်နဲ့ ရဲ (၄)ဦးက အဲဒီရဲတွေက မိတ္ထီလာက ရဲတွေမဟုတ်ဘူး။ ပြီးတော့ ကားပေါ်ကဆင်းလာတဲ့ ကိုယ်တော်ကို လက်ကိုဆောင့်ဆွဲလိမ်ချိုးပြီးတော့ နောက်မှ မိတ္ထီလာအပိုင်ရဲတွေ (၁၅)ယောက်လောက် ဆိုင်ကယ်တွေ၊ ကားတွေနဲ့ရောက်လာတယ်။ ပြီးတော့ သူ့ကိုခေါ်ပြီးတော့ တင်သွားတယ်။ အဲဒီမှာ လူ (၂၀၀)ယောက်ရှိတော့ ရုတ်ရုတ်သဲသဲဖြစ်သွားတယ်။"

ကားပေါ်ကဆင်းလာတဲ့အချိန်မှာ ဖမ်းဆီးပြီးတော့ ကားဝင်းအနီးအနားမှာရှိတဲ့ ချန်ပီယံလက်ဘက်ရည်ဆိုင်အတွင်းမှာ ဘုန်းကြီးကို စားပွဲပေါ် မှောက်ခိုင်းထားပြီး၊ နောက်ဆုံး ရဲတွေကိုခေါ်လိုက်တာဖြစ်တယ်လို့လည်း သိရပါတယ်။ အဲဒီကိုယ်တော်ရဲ့ ပုံစံနဲ့ပတ်သက်လို့လည်း စောစောက မျက်မြင်သိရှိသူတယောက်က အခုလို ဆက်ပြောပြပါတယ်။

"အဲဒီကိုယ်တော်က မျက်မှန်အဖြူနဲ့ သက်တော် (၃၅)၊ (၄၀)ဝန်းကျင်လောက်ရှိတယ်။ အသားဖြူဖြူ၊ ဗလတောင့်တောင့်နဲ့၊ အဲဒီအနီးမှာ မူဆလင်နဲ့မြန်မာအများအပြားရှိတယ်။ ကြမ်းကြမ်းတမ်းတမ်းဆက်ဆံတာ မပြုလုပ်ဖို့တားတယ်။ အဓိက အဲဒီထဲမှာ တားတဲ့လူကတော့ အသက် (၃၀) လောက်ရှိတဲ့ တရုတ်လူမျိုး ဆံပင်ရှည်ရှည်နဲ့လူက ခင်ဗျားတို့ အဲဒီလောက်ကြီးတော့ မလုပ်ကြပါနဲ့ မတော်ပါဘူးဆိုတော့ မင်းပါဆွဲစိလိုက်ရမလား အာမချောင်နဲ့ဆိုပြီးတော့ သူတို့က ပြောတယ်။"

သံဃာတပါး မိတ္ထီလာ ကားကြီးဝင်းအတွင်းမှာ အဖမ်းခံရတာနဲ့ ပတ်သက်ပြီးတော့ မျက်မြင်သက်သေတဦးက အာအက်ဖ်အေကို ပြောသွားတာပါ။ အခုအခါ အဲဒီသံဃာကို ဘယ်သူလဲ၊ ဘယ်မှာဖမ်းထားတယ်ဆို တာ အခုအထိမသိရသေးပါဘူး။ မိတ္ထီလာ အမှတ် (၁)နဲ့ အမှတ် (၂) ရဲစခန်းကို အာအက်ဖ်အေက ဆက်သွယ်ဖို့ကြိုးစားခဲ့ပေမယ့် အဆက်အသွယ်မရခဲ့ပါဘူး။ ■

## မဖြူဖြူသင်း ဖခင် ဦးလှထွန်း၏ ဈာပနကို ယနေ့ ရေဝေးသုသာန်မှာ ကျင်းပ

***ဒီဗွီဘီ၊ ၂၀ အောက်တိုဘာလ၊၂၀၀၇***

အိတ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ် ဝေဒနာသည်တွေကို ကူညီစောင့်ရှောက်နေတဲ့ မဖြူဖြူသင်းရဲ့ ဖခင် ဦးလှထွန်းရဲ့ ဈာပနကို ဒီကနေ့နေ့လည်ပိုင်းက ရေဝေးသုသာန်မှာ ကျင်းပခဲ့ပါတယ်။ အမျိုးသား ဒီမိုကရေစီအဖွဲ့ ချုပ်ဝင်တွေ လိုက်ပါပို့ဆောင်သူတွေ အပါအဝင် လိုက်ပါပို့ဆောင်သူ တစ်ထောင်နီးပါးလောက် တက်ရောက်ခဲ့ပါတယ်။ ဒါပေမဲ့ အာဏာပိုင်တွေက လိုက်လံဖမ်း ဆီးနေတဲ့ သမီးဖြစ်သူ မဖြူဖြူသင်းကတော့ လိုက်ပါပို့ဆောင်နိုင်ခြင်း မရှိခဲ့ပါဘူး။ ဈာပန အခမ်းအနားကို ရောက်ရှိနေသူတွေနှင့် ဆက်သွယ်မေးမြန်းပြီး၊ ဒီအခမ်းအနားအကြောင်း အသေးစိတ်ကို ဒီဗွီဘီ သတင်းထောက်ကဘဲ ပေးပို့ထားပါတယ်။

အိတ်ချ်အိုင်ဗွီနှင့် အေအိုင်ဒီအက်စ် ဝေဒနာသည်တွေကို ကူညီစောင့်ရှောက်နေတဲ့ မဖြူဖြူသင်းဟာ အာဏာပိုင်တွေရဲ့ လိုက်လံဖမ်းဆီး မှုကို ရှောင်တိမ်းနေရတဲ့အတွက် ရေဝေးသုသာန်မှာ ကျင်းပနေတဲ့ ဖခင် ဦလှထွန်းရဲ့ ဈာပနကို တက်ရာက်နိုင်ခြင်းမရှိပါဘူး။ ဖခင်ရဲ့နောက်ဆုံးခရီးကို သမီးဖြစ်သူ ကိုယ်တိုင်လိုက်ပါပို့ ဆောင်ခွင့် မရပေမဲ့ မဖြူဖြူသင်းကို မိခင်သဖွယ် လေးစားတဲ့ လူနာတွေ၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အဖွဲ့ဝင်တွေ ဝါရင့်နိုင်ငံရေး လုပ်ဖော်ကိုင်ဘက်များ၊ အဖွဲ့ဝင်တွေ ချစ်ခင်လေးစားသူတွေ လုပ်ဖော်ကိုင်ဘက်တွေ ဆွေမျိုးတွေ စုစုပေါင်း တစ်ထောင်ခန့် ရေဝေးသုသာန်ကို လိုက်ပါပို့ဆောင်ပါတယ်။ မဖြူဖြူသိန်းဟာ ဘာပြစ်မှုမှ ကျူးလွန်တာမဟုတ်ပေမဲ့ အာဏာပိုင်တွေက သူတို့ကို ဆန့်ကျင်ဘက် လုပ်တယ်ဆိုပြီး လိုက်လံ ဖမ်းဆီးနေတာလဲ ဖြစ်ပါတယ်။ လိုက်ပါပို့ဆောင်သူ တစ်ဦးဖြစ်တဲ့ မဖြူဖြူသင်းရဲ့ မိတ်ဆွေတစ်ဦးကို မေးမြန်းရာမှာ ရေဝေးသုသာန်ထဲက သူအခုမြင်တွေ့ နေရတဲ့ အခြေအနေကို အခုလိုရှင်းပြပါတယ်။ ရေဝေးသုသာန်ထဲမှာ ရောက်နေတာပေ့ါနော် ကျွန်တော် နည်းနည်းလောက် မေးချင်လို့ပါ။

"ဟုတ်တယ် အစ်ကို ကျွန်တော် ရေဝေးသုသာန်ထဲမှာ ဒီမဖြူဖြူသင်းနှင့် ပတ်သက်လို့ ပေ့ါလေ၊ ကျွန်တော်တို့ ဒီ သူ့ရဲ့ မိသားစု အစုံအလင်ရယ်၊ မဖြူဖြူသင်းက လွဲပြီးတော့ ဆွေမျိုးမိတ်ဆွေတွေရယ်၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က ဗဟိုအလုပ်မှုဆောင် အဖွဲ့ဝင်တွေရယ်၊ နောက်တစ်ခါ ဒီ ပြန်ကြားရေးအဖွဲ့ဝင်တွေရယ်၊ နောက် ကျွန်တော်တို့ နိုင်ငံရေး လုပ်ဖော်ကိုင်ဘက် တချို့ရယ် မဖြူဖြူသင်းရဲ့ လုပ်ဖော်ကိုင်ဘက်တွေရယ်၊ မြို့နယ်က အဖွဲ့ဝင်တွေရယ်၊ လူနာတွေရယ်၊ နောက်တစ်ခါ ကျွန်တော်တို့ ရပ်ကွက်ထဲမှာရှိတဲ့ ပြည်သူလူထုတွေရယ် အားလုံးကလာပြီးတော့ သိုက်သိုက်ဝန်းဝန်းနှင့် နောက်ဆုံးဈာပနကို ပို့ပေးပါတယ်အစ်ကို ကျွန်တော်က မဖြူဖြူသိန်းအဖေရဲ့ လုပ်ဖော် ကိုင်ဘက်ပါ" ဖခင်ရဲ့ နောက်ဆုံးခရီးကို ရှောင်တိမ်းနေရတဲ့အတွက် ပို့ဆောင်ခွင့် မရတဲ့အပေါ်မှာ ခင်ဗျားရင်ထဲမှာ သူငယ်ချင်းတစ်ယောက် အနေနှင့် ရင်ထဲမှာ ဘယ်လိုရှိလဲခင်ဗျာ။ "ကျွန်တော် အရမ်းဟိုပေ့ါလေ ကြေလဲကြေကွဲတယ်၊ ယူကြုံးမရလဲဖြစ်တယ်၊ စိတ်လဲနာတယ်၊ ကျွန်တော်တို့ တိုင်းပြည်မှာဗျာ ကိုယ့်တိုင်းပြည်အတွက် တကယ်ကောင်း

အောင် လုပ်မဲ့လူတွေပေါ့၊ အမျိုးသားပြန်လည်သင့်မြတ်ရေး ဒီလူနာတွေရဲ့ အရေးတွေကို ဆောင်ရွှတ်တဲ့ပုဂ္ဂုလ်ဟာ ဒီလိုမျိုး ထွက်ပြေး တိမ်းရှောင် နေရပြီးတော့၊ ကိုယ့်မိဘရဲ့ နောက်ဆုံးဈာပနကို လာမပို့ရတဲ့အဖြစ်ဟာ ကျွန်တော်တို့ တိုင်းပြည်မှာ အင်မတန်မှ ကျွန်တော်တို့ အရင်တုန်းက ကြားဖူးသလို အင်္ဂလိပ်ခေတ် ဂျပန်ခေတ် အင်မတန်မှ အဲဒီခေတ် ထက်တောင်ဆိုးနေပါလားဆိုတာ ကျွန်တော် အင်မတန်မလည်း ဒေါသဖြစ် စိတ်ဆိုးမိတယ် အစ်ကို" ဖခင်ရဲ့ နောက်ဆုံးခရီးကို မဖြူဖြူသင်း လိုက်ပါပို့ဆောင်ခွင့် မရတဲ့အပေါ် မိသားစုဝင်တွေရဲ့ စိတ်ခံစားချက်ကို သူ့ရဲ့ အစ်မဖြစ်သူ မစပယ်ဦးက အခုလို ပြောပြပါတယ်။

"ပြောမပြတတ်အောင် ခံစားရတာပေ့ါ။ ကျွန်မတို့ မိသားစု စုံစုံညီညီနှင့် ပြုလည်း မပြုစုလိုက်ရဘူးလေ။ ပြုစုလို့လည်းမရတဲ့ အခြေ အနေ။ အခု နောက်ဆုံးခရီးကိုလည်း သူ့ကိုလိုက်ပြီးတော့ ပို့စေချင်တာပေ့ါနော်။ ကျွန်မတို့အနေနှင့် ဒါပေမဲ့ အခုလိုမျိုး ဖြစ်နေတဲ့ အခါကျတော့ ကျွန်မတို့ ဘာပြောရမှန်းတောင် မသိပါဘူး။ တော်တော်လည်း ဝမ်းနည်းမိပါတယ်။ ဟိုစိတ်လည်း တော်တော်မကောင်းဘူးလေ" အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်မှုဆောင် ပြန်ကြားရေးအဖွဲ့ဝင် ဦးညဏ်ဝင်းကလည်း အခုလို မှတ်ချက်ပေး ပြောဆိုပါတယ်။ "မဖြူဖြူသင်းက သူ့ဖခင်ရဲ့ နောက်ဆုံး ဈာပန ခရီးကို လိုက်မပို့နိုင်တာ အတော် ဝမ်းနည်းစရာ ကောင်းပါတယ်။ ဒါပေမဲ့လို့ ဒီလို လိုက်မပို့ခြင်းကို ကြည့်ခြင်းအားဖြင့် မဖြူဖြူသင်းရဲ့ လူမှုရေး စိတ်ဘယ်လောက် ပြင်းထန်တယ်ဆိုတာ ပေါ်လွှန်နေတယ်လို့ ကျွန်တော် အဲလို ပြောချင်ပါတယ်" ဒ့ါအပြင် အိတ်ချ်အိုင်ဗွီ ဝေဒနာသည် နှစ်ဦးကလဲ သူတို့ရဲ့ မိခင်သဖွယ် လေးစားကြည်ညိုရတဲ့သူ အသုဘ လိုက်ပါပို့ဆောင်နိုင်ခြင်း မရှိတဲ့အပေါ် အခုလို သူတို့အမြင်ကို ပြောပြသွား ခဲ့ကြောင်းပါ။

"ကျွန်တော်တို့ ရင်ထဲမှာ အင်မတန် ဝမ်းနည်းတာပေ့ါ။ ဘာကြောင့်လည်းဆိုတော့ ဒါ ကိုယ့်မိဘအတွက် နောက်ဆုံး ခရီးပဲလေ။ အစ်ကို အဖေတစ်ယောက်လုံး နေမကောင်းတာတောင်မှ လာတွေ့ခွင့် မရတာတော့ ဘယ်လောက် ဝမ်းနည်းစရာ ကောင်းလဲဆိုတာ စဉ်းစားကြည့်လို့ ရပါတယ်။ စိတ်မချမ်းသာနိုင်တာပေ့ါ၊ အကုန်လုံးကပေ့ါနော်။" ဈာပန အခမ်းအနား အကြောင်း အသေးစိတ်ကို ကိုအေးနိုင် တင်ပြသွားတာ ဖြစ်ပါတယ်။

ဖခင်ဖြစ်သူရဲ့ နောက်ဆုံးခရီးကို လိုက်ပါပို့ဆောင်ခွင့်မရတဲ့ မဖြူဖြူသင်း ကတော့ သူ့ရဲ့ ကိုယ်စား လိုက်ပါပို့ဆောင်ပေးသူ အာလုံးကို အခုလို ကျေးဇူးတင်စကား ပြောကြားထားပါတယ်။ "ကျွန်မ မရှိပေမဲ့လည်း ကျွန်မနှင့် လုပ်ဖော်ကိုင်ဘက်တွေပေ့ါနော်၊ ဒီ အန်အယ်လ်ဒီမှာ ရှိနေတဲ့ လူကြီးတွေရော၊ အဘတို့တွေရော လာရောက်တယ်ဆိုတာ ပြန်သိရတယ်လေ။ သိရတဲ့အခါကျတော့ ကျွန်မတို့ အနေနှင့် ကျွန်မတို့မိသားစုအားလုံးပေ့ါနော်၊ အဲခွဲခွာနေရတဲ့ အချိန်မှာ လာပြီးတော့ အကူအညီပေးခဲ့တဲ့ လူတွေအားလုံး ပေ့ါနော်၊ အဘတို့ရော၊ လူကြီးတွေအားလုံးကို ကျွန်မ အရမ်း ကျေးဇူးတင်ပါတယ် ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ ဒီလို ဒုက္ခရောက်နေတဲ့ အချိန်မှာ ကူညီတာပေ့ါနော်၊ ကျွန်မအနေနှင့် ဘယ်လိုမှ ဖော်မပြတတ်အောင် ဝမ်းသာကြည်နူးမိပါတယ်။ အိမ်က လူတွေရောပေ့ါနော် တချို့ဝေဒနာသည်တွေဆို တွေ့ချင်လို့ပေ့ါ လာကြတဲ့ လူတွေလဲ ရှိတယ်လေ၊ ကျွန်မ မရှိတဲ့ အချိန်မှာလာပြီးတော့ သတင်းမေးကြတယ်။ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ ကြည်နူးမိတာပေ့ါနော် သူတို့ အကူအညီပေးတာနှင့် ပတ်သက်ပြီးတော့ ကျွန်မ နောက်ဆုံးခရီးမှာပေ့ါနော်၊ နောက်တစ်ချက်ကကျတော့ အခု လက်ရှိ ပေ့ါနော် ကျွန်မနှင့် လက်တွဲပြီးလုပ်နေတဲ့ လုပ်ဖော်ကိုင်ဘက်တွေ ရှိတယ်၊ ကျွန်မအနေနဲ့ ဒီမတိုင်ခင် အခြေအနေတွေ အားလုံး ပြန်ကောင်းလာမယ်ဆိုရင်တော့ အားလုံးကို ပြန်တွေ့ပြီးတော့ ပြန်ပြီးတော့ လုပ်ကိုင်ဆောင်ရွက် ချင်ပါတယ်။ သူတို့တွေနှင့်လည်း အမြန်ဆုံး ပြန်တွေ့ချင်ပါတယ်လို့ ကျွန်မအနေနှင့် ပြောချင်ပါတယ်။" မဖြူဖြူသင်း ပြောပြသွားတာပါ သမီးတစ်ယောက်အနေနှင့် ဖခင်ရဲ့ နောက်ဆုံးခရီးကို လိုက်ပါပို့ဆောင်ခြင်း မရှိတဲ့အပေါ် မိသားစုတွေအနေနှင့် နားလည် ခွင့်လွှတ်လိမ့်မယ်လို့ မျှော်လင့်တယ်လို့ မဖြူဖြူသင်းက အခုလို ဆက်ပြောပြပါတယ်။

"မိသားစုဝင်တွေနှင့် သေကွဲမကွဲ ရှင်ကွဲ ကွဲ နေရတဲ့ ဒုက္ခတွေနှင့် ပတ်သက်ပြီးတော့ မိသားစုကလည်း နားလည်လိမ့်မယ်လို့ ကျွန်မအနေနှင့် ထင်ပါတယ်။ ကန့်မအနေနှင့် သူတို့ကို အားပေးချင်တာကတော့ မိသားစုအနေနှင့် ကြံ့ကြံ့ခံ ရင်ဆိုင်ပြီးတော့ ရင်ဆိုင်နိုင်ပါတယ် အဲ ယုံကြည်ရာကိစ္စတွေကို စွန့်လွှတ် အနစ်နာခံပြီးတော့ လုပ်နေတဲ့ လူတွေ အားလုံးရဲ့ အပေါ်မှာ ကျွန်မတို့မိသားစု အနေနှင့်လည်း နားလည်လိမ့်မယ်လို့ ကျွန်မ အနေနှင့်လည်း မျှော်လင့်ပါတယ် ဒါကတော့ မဖြူဖြူသင်း ပြောပြသွားတာဖြစ်ပါတယ်။

သောတရှင်များရှင် ဒီကနေ့ ကျင်းပတဲ့ မဖြူဖြူသင်ရဲ့ ဖခင်ဈာန်ပဏ အခန်းအနားကို ကဗျာဆရာ ငြိမ်းသက်ကလည်း ကဗျာတစ်ပုဒ် ရေးပြီးတော့ ပေးပို့ခဲ့ပါတယ်။ ဒီအဗျာကိုတော့ မဖြူဖြူသင်းရဲ့ လုပ်ဖော် ကိုင်ဘက်တစ်ဦးက အခုလို ဖတ်ပြပေးထားပါတယ်ရှင်။

"မျက်ရည်တွေနှင့် အသက်ရှင်နေရ သေကွဲ မဟုတ်ရင် ရှင်ကွဲ ဘဝအလွဲတွေကို ငိုပွဲတွေနှင့်ဆင့်ခဲ့ သားပျောက်တဲ့ အမေ အဖေပျောက်တဲ့ သား ဗျာများနေတဲ့ မိသားစုတွေ အခုလည်း အဖေ့ရဲ့ နောက်ဆုံးခရီး သမီး မရောက်နိုင် တိုင်းပြည်ကြမ္မာ မွဲနိုင်လွှန်းပေရဲ့ မဖြူဖြူသင်းရေ ခင်ဗျားအဖေ မသေနိုင်ပါဘူး ကျွန်တော်တို့ရင်ထဲမှာ ခင်ဗျားအဖေ မသေပါဘူး အိတ်ချ်အိုင်ဗွီ လူနာတွေအတွက် ခင်ဗျားကို မွေးခဲ့တယ် ဒီမိုကရေစီရေးအတွက် ခင်ဗျားကို မွေးခဲ့တယ် ခင်ဗျားအဖေဟာ သမိုင်းတစ်ခုကို မွေးခဲ့တယ်ခင်ဗျား ငြိမ်းချမ်းရေးကို မွေးခဲ့တယ် ခင်ဗျားအဖေဟာ ဖခင်ကောင်းတစ်ယောက် မကြောက်တရားများကို မွေးဖွားသူ— ဗမာပြည်အတွက် ချစ်သမီးကိုပေးခဲ့တယ် ကမ္ဘာမြေအတွက် ချစ်သမီးကို ပေးခဲ့တယ် အဲဒီမြေမှာ ဒီအဖေ ဒီအနေတွေ ဘယ်မှာ သေနိုင်ဘာ့မလဲ" ဒါကတော့ ဒီကနေ့ ကျင်းပတဲ့ မဖြူဖြူးသင်းရဲ့ ဖခင်ဦးလှထွန်းရဲ့ဈာပနကို ပေးပို့တဲ့ ကဗျာဆရာ ငြိမ်းသက်ရဲ့ ကဗျာကို နားဆင်ခဲ့ရတာဖြစ်ပါတယ်။ ■

---

## ခင်ပွန်းထောင်ချ ကိုယ်ဝန်သည် ဇနီးလဲ ထမင်းမကျွေး စစ်ကြောနေ

*ဒီဗွီဘီ၊ ၂၄ နိုဝင်ဘာလ၊ ၂၀၀၇*

အင်းစိန်ထောင်မှာ ထောင် (၂၂)နှစ် ချမှတ်ခံထားရတဲ့ မိတ္ထီလာမြို့နယ် အဖွဲ့ချုပ်ဝင် ကိုသီဟရဲ့ ဇနီးသည် ကိုယ်ဝန်ဆောင် မသဲသဲကို ရဲသတင်းတပ်ဖွဲ့က ဒီကနေ့ မိတ္ထီလာမြို့မှာ ခေါ်ယူစစ်ဆေးခဲ့ပါတယ်။ ကိုယ်ဝန်(၇)လနဲ့ မသဲသဲကို နေ့လည် (၁၁) နာရီကနေ ညနေ (၆) နာရီလောက် အထိ စစ်မေးခဲ့တာဖြစ်ပြီး၊ နေ့လည်စာတောင် မကျွေးခဲ့ဘူးလို့ ဆိုပါတယ်။

အခုဆက်ပြီး ကာယကံရှင် ကိုယ်ဝန်သည် မသဲသဲနဲ့ ဆက်သွယ် မေးမြန်းချက်ကို ထုတ်လွှင့်ပေးပါမယ်။ ဒီမနက် ဘယ်အချိန်ကနေ ဘယ်လို လာခေါ်သွားတယ်ဆိုတာ ပြောလို့ရမလား၊ ဘာကြောင့် ခေါ်သွားတာလဲ ခင်ဗျ။ "ကျွန်မကို (၁၁) နာရီကနေ ခေါ်တာပေ့ါ" ဟုတ်ကဲ့၊ ဘယ်သူက လာခေါ်တာလဲခင်ဗျ။ "သြော် သူတို့ဒီ အက်စ်ဘီကတဲ့ နာမည်မေးတာ ကျတော့ မပြောဘူးရှင့် အက်စ်ဘီ ရုံးမှာပေ့ါနော်၊ နယ်မြေတာဝန်ခံ ရုံးမှာပေ့ါ ကျွန်တော့်ကို စစ်တာ။ ဘာကြောင့်ခေါ်ပြီး ဘာကို စစ်တာလဲ၊ ဘာတွေ စစ်တာလဲ ပြောလို့ ရမလားခင်ဗျ။ "ကြည့်ရတာပေ့ါနော်၊ ဘယ်လိုတွေ ဆက်သွယ်လို့ပေ့ါ။ အန်အယ်လ်ဒီ တခုပဲ လုပ်တာလားပေ့ါ။ ဘယ်နိုင်ငံက ဘယ်လိုဟာတွေနှင့် ဘယ်လို ဆက်သွယ်တုန်းပေ့ါ။ ကျွန်တော့်ကို အဲဒါတွေ မေးတယ် ကျွန်တော်မသိဘူးလို့၊ အဲဒါ ကျွန်တော့်အမျိုးသားကပေ့ါနော် ဒီ အန်အယ်လ်ဒီ

အဖွဲ့အစည်းထဲပဲ လုပ်တာလို့ အဲဒါပဲ ကျွန်တော်သိတယ်လို့။" ဒီ(၁၁)နာရီက ခေါ်သွားတာဆိုတော့ ဒီ မသဲသဲ နေ့လည်စာကော စားရလာခင်ဗျ။ "မစားရဘူး၊ မစားရဘူးပေါ့နော်။ သူတို့က ကျွန်တော့်ကို အစောပိုင်းက ခေါ်တုန်းက ကျတော့ ကြာမယ်တဲ့ စစ်ရင်တဲ့ အဲဒါ ထမင်းတွေ ဘာတွေလဲ ဝယ်ကျွေးမယ်ပေါ့နော်။ အဲလိုမျိုးပေါ့ စစ်ခါနီးတော့ ပြောတယ်။ တကယ်လဲ စစ်ရော နှစ်ယောက်စလုံးက ဖိပြီးတော့ စစ်ကြတယ်။ စစ်ကြတော့ ကျွန်တော့်ကို ထမင်းစားအုံးမလားပေါ့နော်၊ ဗိုက်ဆာလားလို့ ကျွန်တော့ကို မမေးတော့ဘူး။ သူတို့ စစ်ချင်တာတွေဘဲ ဇွတ်စစ်တယ်။ ကျွန်တော် ဗိုက်ဆာတယ်ပေါ့နော်။ ကိုယ်ဝန်ကြီးနှင့် ပေါ့နော် ထိုင်ရတာလဲ တအား ကြပ်လာတာပေါ့။ ကြပ်လာတဲ့ အခါကျတော့ တအားကြီး ခါးကြီးက နာလာတာနှင့် ဆိုပြီးတော့ ဗိုက်လဲဆာတော့ ကျတော့ သူတို့ကို ဘယ်နှစ်နာရီ ရှိပြီလဲလို့ ကျွန်မမေး လိုက်တော့ ကျွန်တော့ကို ဗိုက်ဆာလို့လားတဲ့ ကျွန်တော်တို့ အမဲသား ဟင်းတော့ ရှိတယ်တဲ့။ ကျွန်မက အမဲသား မစားဘူးလို့။ အဲဒါဆိုရင်တော့ မရှိဘူးတဲ့ အဲလိုမျိုးပြောတယ်။ ပြောတော့ ကျွန်မက အပြင်ကို ထွက်ပြီးတော့ သွားစားတယ်ပေါ့။ ကျွန်မစားတဲ့ အချိန်က (၃)နာရီ ထိုးနေပြီ။" စားတယ် ဆိုတာက ကိုယ့်ပိုက်ဆံ နှင့် ကိုယ် စားတာလား။ "ဟုတ်" စားပြီးပြန်လာတော့လဲ ဆက်စစ်တာပဲလား။ "စားပြီး ပြန်လာတော့ ကျတော့ ကျွန်မကို မစစ်တော့ဘူးပေါ့နော်။ ဟိုဟာပေါ့ သူတို့ လက်နှိပ်စက် ရိုက်မယ်ပေါ့။ ရိုက်ပြီးတော့ ကျွန်မပြောတဲ့ ဟာတွေကို လိုက် မှတ်တယ်ပေါ့။ မှတ်ပြီးတော့ လက်နှိပ်စက်ရိုက်ပြီးတော့ သူတို့အထက်ကို တင်ရမယ်ပေါ့။ အဲလိုမျိုး ပြောတယ်ပေါ့။ လက်နှိပ်စက် ရိုက်တဲ့ဟာကို စောင့်ပေါ့။ စောင့်ပြီးရင် ကျွန်မ ပြောတဲ့ဟာကို သူတို့ ပြန်ဖတ်ပေါ့။ ဖတ်ပြီးရင်ပေါ့ ဒီ ဟိုဟာပေါ့ လက်မှတ်ထိုးပေါ့။ ကျွန်မကို ပြီးတော့ ကျွန်မကို ရဆကာသအဲးါတ်ပုံရိုက်တယ်" ဟုတ်ကဲ့ ဘာကြောင့် ရဆကာသအဲးါတ်ပုံ ရိုက်တာလဲခင်ဗျ။ "အဲဒါလဲ ကျွန်မ စဉ်းစားနေတာ အဲဒါ မသိဘူးရှင့်။" ဒီကျွန်တော်တို့ သိသလောက် ဒီ မသဲသဲရဲ့ ခင်ပွန်းနှင့်၊ ကိုသီဟကို သူတို့ ထောင်ချ ပြီးပြီ မဟုတ်လားခင်ဗျ။ "ဟုတ်" ဟို ထောင်ချပြီးတဲ့ ကြားထဲက မသဲသဲ ကို ပြန်လာစစ်တယ် ဆိုတော့ ဘယ်လို မြင်လဲခင်ဗျ ဒီအပေါ်မှာ။ "ဘယ်လိုမြင်တုန်းဆိုတော့ သူက ဘာတွေများ မသင်္ကာစရာ မရှိတာလဲ ဦးတည့်ရာပဲ တစ်ဖက်နှင့် ဆက်သွယ်တဲ့ ပုံစံမျိုးကြီး ပေါ့။ နိုင်ငံခြားကို သွားတယ်ဆိုတဲ့ ပုံစံမျိုးကြီးပေါ့။ အဲလိုမျိုးကြီးပေါ့၊ ကျွန်မကို ပြောတယ်။ ကျွန်မကလည်း ရိုးရိုးသားသားပါပဲ။ အမှန်တိုင်းပဲ ပြောတာ၊ ကျွန်မလုံးဝ မသိရဘူးပေါ့နော်။ သူလုပ်တဲ့ ကိစ္စတွေအပေါ်မှာ သူအဲလိုမျိုးလဲ လုံးဝမသွားဘူးပေါ့။ အဲဒါဆိုရင် ကိုသီဟက အန်အယ်ဒီ အပြင် ဘာရှိသေးလဲ ဆိုတော့ သူကတော့ အိတ်ချ်အာ အဖွဲ့ပေါ့နော်၊ လူ့အခွင့်အရေးအဖွဲ့ပေါ့။ အဲဒီသင်တန်းတော့ ဒီရန်ကုန်မှာ တက်တယ်လို့ အဲဒါတော့ ကျွန်မသိတယ်လို့ ကျန်တာတွေ တော့ ကျွန်မ ဘာမှ မသိဘူးလို့။" ဒီကိုသီက ကျွန်တော်တို့ သိသလောက် ထောင် (၂၂) နှစ်ချထားတာနော် သူတို့။ "ဟုတ် " ဘယ်နေ့က ချတာလဲ ခင်ဗျ အဲဒါ။ "သူ့ကို (၁၇) ရက်နေ့က ချတာလေ" ထောင်ဝင်စာရော တွေ့ပြီးပြီလား ခင်ပွန်းသည်နှင့် မသဲသဲ။ "နှစ်ခါတွေ့ပြီးပြီ" ကိုသီဟက လောလောဆယ် ဘယ်ထောင်မှာလဲ။ "အင်းစိန်ထောင်မှာ" ဒါဆို ကိုယ်ဝန်ကြီးနှင့် အင်းစိန်ထောင်ကို လိုက်ပြီး တွေ့ရတာပေါ့။ "ဟုတ်" ဘာကြောင့် ကိုသီဟက အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်လုပ်တာ လူ့အခွင့်အရေးလုပ်တာနှင့် (၂၂) နှစ်ချရတာလဲ ကိုသီဟနှင့်တွေ့တော့ ကိုသီဟက ဘာပြောလဲ မသဲသဲကိုလေ။ "ဦးသီဟကို တွေ့တော့ ကျွန်တော် ဦးသီဟကို (၂၂)ချတယ်ဆိုတော့ ကျွန်မက ဦးသီဟကို ပထမဦးဆုံး တွေ့ရတဲ့ အချိန်ကျမှပေါ့နော်။ ကျွန်တော် မမေးကြည့်တာပေါ့နော်။ ဦးသီဟ၊ ဦးသီဟကို ထောင်ချလိုက်ပြီဆို ဆိုတော့ ဟုတ်တယ်တဲ့၊ ဘာလို့ ချတာတုန်းပေါ့။ ဘယ်နှစ် နှစ်တုန်း သမီးက မေးကြည့်တာပေါ့။ တကျွန်းတဲ့ တကျွန်းဆိုတော့ ဘယ်လိုကြီးတုန်း ဆိုတော့ တကျွန်းဆိုတာ (၂၀) တဲ့ (၅၀၅) (ခ)တဲ့၊ စာရွက် ဖြန့်ဝေမှုက နှစ်နှစ်တဲ့။ အာလုံးပေါင်း (၂၂) နှစ်တဲ့၊ ဘာလို့ အဲလောက်ထွ ချတာတုန်းဆိုတော့ (၅၀၅) (ခ) စာရွက်ဖြန့်ဝေမှုတဲ့ တကျွန်းက ကျတော့တဲ့ နိုင်ငံတော်ကို ပုံကန်မှု လှုံ့ဆော်မှုတဲ့။"

ကိုသီဟကို ဖမ်းတုန်းကရော ဘယ်တုန်း ဖမ်းသွားတာလဲ ခင်ဗျ။

"ဦးသီဟကို ဖမ်းတုန်းကကျတော့ ရ ရက်နေ့ ညပေါ့ (၉)လပိုင်းက" (၇)ရက်နေ့ ည (၉) လပိုင်းဆိုတော့ စက်တင်ဘာ သံဃာ့ လှုပ်ရှားမှု မဖြစ်သေးဘူးပေါ့နော်။ "ဟုတ်ပါတယ် မဖြစ်သေးပါဘူး" အဲဒီ အချိန်က တည်းက ဖမ်းပြီးတော့ နိုင်ငံတော် ပုန်ကန်မှုဆိုတော့ ဘယ်လိုပြောချင်လဲ ခင်ဗျ ဇနီးသည် တစ်ယောက်အနေနှင့်။ "ဘယ်လို ပြောချင်လဲ ဆိုတော့ အဓိပ္ပါယ်မှမရှိတာ။ သူတို့ကဒီ စာရွက်ပေါ့နော် စာရွက်ဖြန့်ဝေမှုတဲ့ ဘာစာရွက်မှလည်း မဖြန့်ရသေးဘူး။ လက်ထဲမှာ စာရွက်လေး တွေ့တာနှင့် (၅၀၅) (ခ) နှစ်နှစ်ဆိုပြီးတော့ ဟိုတခု ကကျတော့ နိုင်ငံတော် ပုန်ကန်မှု ပြည်သူကိုလှုံ့ဆော်မှုဆိုပြီးတော့ အဲဒါကကျတော့ တကျွန်းဆိုပြီး၊ သူတို့လုပ်ချင်သလို လုပ်လိုက်တာပေါ့နော်။ အဲဒါ ဦးသီဟ ဘယ်လို လုပ်လိုက်တာတုန်း ကျွန်မထောင်ထဲမှာ မေးကြည့်တဲ့ အခါကျတော့ သူက ပြန်ပြောပြပါတယ်။ ကျွန်မကို ထောင်ထဲမှာ ရှေ့နေတဲ့ အဲဒီရှေ့နေကို သူမြင်လဲမမြင်ဖူးဘူး။ သိလဲ မသိဘူးပေါ့ အဲဒီ ရှေ့နေပေါ့ အသိ သက်သေကလဲ။ ဘယ်က သက်သေတွေမှန်းလဲ မသိဘူးတဲ့ခေါ်ပြီးတော့တဲ့။ သူ့ကို ချတယ်တဲ့ ချပြီးတော့ စာရွက်တွေ ဖြန်းဖြန်း သိမ်းပြီးတော့ ပြန်သွားတယ်တဲ့၊ သူလဲ သူ့ကိုယ်သူ အံ့လဲ အံ့ဩမိတယ်တဲ့။"

မသဲသဲ အနေနှင့် ခင်ပွန်းသည်ကလည်း ထောင်တကျွန်းနှင့် နှစ်နှစ်ချခံရတယ်။ နောက် မသဲသဲ ကိုယ်တိုင်ကလည်း ကိုယ်ဝန်က (၇)လ ခင်ပွန်းသည်ကိုလည်း ထောင်ချပြီးပြီ။ ဇနီးသည်ကိုလည်း တနေကုန်နီးပါး ထမင်းမကျွေး ဘာမကျွေး ခေါ်စစ်တယ်။ အဲဒီ အပေါ်မှာရော မသဲသဲ ဘာပြောပြချင်ပါသလဲ ခင်ဗျ။

"ပြောစရာလား ပြောစရာ မရှိတော့ မရှိပါဘူး။ ကိုယ်က ရိုးရိုးသားသား သူတို့ ပြောတဲ့ဟာ မသိလို့ မသိဘူးပြောတာ။ အမှန်ကို အမှန်တိုင်း ဖြေတာပဲပေါ့နော်။ အဲဒါကို သူတို့ မရမက ထမင်းမကျွေး ဘာမကျွေးပဲနှင့် အားမနာဘူးပေါ့နော်။ ကိုယ်ဝန်သည် ကိုတောင်မှ သူတို့ မေးချင်တာ ကြီးကိုပဲ ဇွတ်ကြီး ဖြေခိုင်းတာပေါ့နော်။"

မသဲသဲ စိတ်ထဲမှာရော ဘယ်လို ဖြစ်မိလဲ ကိုယ်ဝန် (၇) လနှင့်၊ လာပြီး ခေါ်ပြီးတော့ ဖမ်းမှာ ဆီးမှာ နောက်ဆုံးပွန်းသည်ကလဲ အပြစ်မရှိပဲနှင့်။ ထောင်ချတာဆိုတော့ မသဲသဲကိုရော အပြစ်မရှိပဲနှင့် ထောင်ချလိုက်မှာ။ အဲလိုမျိုး စိုးရိမ်ပူပန်မှုတွေရော ဖြစ်မိလားခင်ဗျ။

"အကုန်လုံးက စိုးရိမ် ကြတာပေါ့နော်။ ကိုယ်ဝန်ကြီးနှင့် ဒုက္ခပဲပေါ့နော်။ ဒီကောင်တွေ ဘယ်လိုများ ညစ်အုံးမလဲ ဘာညာပေါ့ အကုန်စိုးရိမ်ကြတာပေါ့။ ကျွန်မကတော့ သူတို့ လာတယ်ဆိုတော့ ကြောက်တာလဲမရှိဘူး၊ တုန်တာလဲ မရှိဘူး။ ကျွန်မက လာခေါ်တယ်ဆိုတော့ ခပ်ပြုံးပြုံးပဲ လိုက်သွားလိုက်တာပေါ့နော်။ လိုက်သွားပြီး သူတို့ မေးတဲ့အတိုင်းပဲ။ ကိုယ်က ရိုးရိုးသားသား လုပ်တာဆိုတော့ မဟုတ်တာ မမှန်တာ ဘာတခုမှလဲ မလုပ်ဘူး။ ကိုယ့်ကိုကိုလဲ ယုံကြည်တယ်၊ ကိုယ့်ယောက်ျား ဘာလုပ်တာ ဆိုတာကိုလဲ သိတယ်။ အဖွဲ့ဝင်တွေက နိုင်ငံအတွက် ပြည်သူအတွက် လုပ်တယ်ဆိုတာလဲ သိနေတာ ဆိုတော့ ယုံကြည်တော့ ကြောက်တာလဲမရှိဘူး၊ လန့်တာလဲ မရှိဘူး သူတို့ခေါ်တာ အေးအေးဆေးဆေး ခေါ်သွားတယ်၊ မေးတယ် ဖြေတယ် ကျွန်မကို ကျွန်မသိတယ်။ ဒါ အမှန်တိုင်း ဖြေလိုက်တယ်ပေါ့ အဲဒါပဲ။" ထောင် (၂၂)နှစ်ချမှတ်ခံထားရတဲ့ ကိုသီဟရဲ့ ဇနီးသည်မသဲသဲနဲ့ မေးမြန်းချက်ပါ။■

**✻ဓမ္မသည် အဓမ္မကို နိုင်မြဲ။✻**

# နအဖရဲ့ ခေါင်းမာမှုကြောင့် နိုင်ငံတကာနဲ့ ကုလသမဂ္ဂရဲ့ ကြားဝင်မှု ပိုမြင့်လာနိုင်

*ဒီဗွီဘီ၊ ၂၁ နိုဝင်ဘာလ၊၂၀၀၇*

ကုလသမဂ္ဂ အထွေထွေ ညီလာခံရဲ့ ဆုံးဖြတ်ချက်၊ အထူးကိုယ်စားလှယ်ရဲ့ လုပ်ပိုင်ခွင့်၊ နိုင်ငံတကာရဲ့ သဘောထားနဲ့ နအဖရဲ့ တုံ့ပြန်မှု အပါအဝင်၊ မြန်မာ့ နိုင်ငံရေးရှေ့ အလားအလာကို သုံးသပ်နိုင်ဖို့အတွက် ကုလသမဂ္ဂဆိုင်ရာ ညွှန့်ပေါင်းအစိုးရ ကိုယ်စားလှယ် ဒေါက်တာသောင်းထွန်းကို ကျမတို့ ဆက်သွယ် မေးမြန်းထားပါတယ်။

ပထမဦးဆုံး မေးခဲ့တာကတော့ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက် မူကြမ်းကို ဘာကြောင့် အာဆီယံနိုင်ငံတွေက မထောက်ခံခဲ့တာလဲဆိုတဲ့ အမေးဘဲ ဖြစ်ပါတယ်။ "ဗီယက်နမ်လို နိုင်ငံတွေကတော့ တောက်လျှောက်ပဲ ယူအန်မှာ နိုင်ငံ တခုချင်းစီရဲ့ လူ့အခွင့်အရေး အခြေအနေနဲ့ ပတ်သက်လို့ ဆုံးဖြတ်တဲ့ ဆုံးဖြတ်ချက်တွေကို သူတို့က မူအရကိုက ဗမာနိုင်ငံမှ မဟုတ်ဘူး။ ဘယ်နိုင်ငံပဲ ဖြစ်ဖြစ် ကန့်ကွက်မဲ ပေးတဲ့သဘော ရှိတယ်။ အထူးသဖြင့်ကတော့ ယူအန်အတွင်းမှာဖြစ်နေတဲ့ တိုင်းပြည် တပြည်အတွင်းမှာ ဖြစ်နေတဲ့ လူ့အခွင့်အရေး အခြေအနေတွေအပေါ်မှာ နိုင်ငံတကာ တရားဥပဒေ အထူးသဖြင့် ကုလသမဂ္ဂလို အဖွဲ့အစည်းတွေကနေပြီးတော့ ဘယ်လောက် အတိုင်းအတာအထိ ဝင်ရောက်ပြီးတော့ လုပ်ဆောင်ခွင့် ရှိတယ်ဆိုတဲ့ အပိုင်းပေါ့နော်။ အဲဒီဟာတွေမှာ အငြင်းပွားမှုရှိတယ်။ နိုင်ငံတော်တော်များများက လူ့အခွင့်အရေး ကိစ္စနဲ့ ပတ်သက်လို့ ကုလသမဂ္ဂရဲ့ လုပ်ပိုင်ခွင့်အာဏာကို အကန့်အသတ်နဲ့ ထားချင်တဲ့ သဘောရှိတယ်။ ဆိုတော့ အဲဒီ အငြင်းပွားမှု အခြေခံတွေအပေါ်မှာ အခုလိုမျိုး ဝေဝါးတဲ့ ရပ်တည်ချက်တွေ ဖြစ်လာတယ်လို့ ကျနော်တို့ မြင်တယ်။ ဒါပေမဲ့လို့ မဲပေးပြီးတဲ့ နောက်ပိုင်းမှာ သူတို့ရဲ့ သဘောထားတွေကို ရှင်းပြတဲ့နေရာမှာတော့ စင်္ကာပူပဲဖြစ်ဖြစ်၊ ဖိလစ်ပိုင်ပဲဖြစ်ဖြစ်၊ အင်ဒိုနီးရှားပဲဖြစ်ဖြစ် အဲဒီနိုင်ငံတွေက ပြောသွားတာ ဗမာပြည်က လူ့အခွင့်အရေး အခြေအနေတွေနဲ့ ပတ်သက်လို့ အများကြီး စိုးရိမ်မှုရှိတယ်။ မစ္စတာဂမ်ဘာရီနဲ့ ပူးတွဲဆောင်ရွက်ဖို့ စသဖြင့် သဘောထား တွေကိုတော့ ရှင်းသွားတာ ကျနော်တို့ တွေ့ရတယ်။"

မလေးရှားနိုင်ငံက အစကတည်းက မြန်မာ စစ်အစိုးရကို ဝေဖန်ခဲ့တာတွေ ကျယ်ကျယ်လောင်လောင် ကြားခဲ့ရတယ်လေ။ ဒါပေမဲ့ ဒီ ဆုံးဖြတ်ချက် မူကြမ်းကိုတော့ မလေးရှားကလဲ ကန့်ကွက်ခဲ့တာ တွေ့ရတယ်။ အင်ဒိုနီးရှားကတော့ ကြားနေပေါ့လေ၊ မဲမပေးဘူး။ မလေးရှားက ဘာကြောင့် ကန့်ကွက် တယ်လို့ မြင်လဲ။ "အခုန ကျနော်တို့ ရှင်းပြသလိုပေါ့နော်။ အာဆီယံချာတာမှာ လူ့အခွင့်အရေးနဲ့ ပတ်သက်လို့ အခုမှပဲ လက်မှတ်ထိုးရတဲ့ အဆင့်ပဲ ရှိသေးတယ်ဆိုတာ ကျနော်တို့ တွေ့ရတယ်။ နှစ်ပေါင်းများစွာ ဆယ်နှစ်ကျော်ကျော် ငြင်းခုံပြီးတော့ လက်မှတ်ထိုးရတယ်။ နောက်တခုက အာဆီယံအတွင်းမှာ လူ့အခွင့်အရေး စံတွေနဲ့ ပတ်သက်လို့ပေါ့နော်။ သဘောထားကွဲလွဲမှုရှိတယ်။ သူတို့ရဲ့ ရပ်တည်ချက်တွေနဲ့ သွားပြီးတော့ အခြေခံနေတာကို ကျနော်တို့ တွေ့ရတယ်လေ။ ဗမာနိုင်ငံရေး ကိစ္စထက် လူ့အခွင့်အရေးဆိုတဲ့ အခြေခံအပေါ်မှာ ယေဘုယျ သဘောထားကိုက အနောက် ဒီမိုကရေစီ နိုင်ငံတွေနဲ့ ကွဲလွဲနေတာ ကျနော်တို့ တွေ့ရတယ်။" ဒီ ဆုံးဖြတ်ချက် မူကြမ်းက စည်းနှောင်မှုမပါတဲ့ ဆုံးဖြတ်ချက်လို့လဲ သိရပါတယ်။ ဆိုတော့ ဒီဆုံးဖြတ်ချက်က မြန်မာ့အရေးအတွက် ဘယ်လောက်အထိ ထိရောက်မှုရှိမလဲ။ "အဓိကကတော့ ကျနော်တို့ ဆုံးဖြတ်ချက် အခြေခံအပေါ်မှာ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်က မြန်မာနိုင်ငံရေးနဲ့ ပတ်သက်လို့ ကြားဝင်ဆောင်ရွက်ဖို့ အခွင့်အာဏာကို ရထားတာပါပဲ။ ဒီ ဆုံးဖြတ်ချက် မရှိခဲ့ရင် မစ္စတာ ဂမ်ဘာရီအနေနဲ့ပေါ့နော် ဗမာ့အရေးမှာ ယူအန်ကနေပြီးတော့ ပတ်သက်ပြီးတော့ ဆောင်ရွက်နိုင်ဖို့ အနေအထား မရှိပါဘူး။ ဆိုတော့ ဒီ ဆုံးဖြတ်ချက်ရဲ့ အဓိက အနှစ်သာရကတော့ အထွေထွေ ညီလာခံကြီးကနေပြီးတော့ မြန်မာနိုင်ငံ အရေးအတွက် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ကနေ ကြားဝင် ဆောင်ရွက်ဖို့ အခွင့်အာဏာကို ပေးလိုက်တာပါပဲ။"

ဒီ ဆုံးဖြတ်ချက်မူကြမ်းကို မဲခွဲ ဆုံးဖြတ်တဲ့အချိန်မှာ မြန်မာကိုယ်စားလှယ် ဦးကျော်တင့်ဆွေ ပြောတဲ့စကားကိုလဲ ကြားရပါတယ်။ ဆုံးဖြတ်ချက် ကျထားတာတွေ မဲခွဲဆုံးဖြတ်တာတွေအပေါ်မှာ သူမအံ့သြဘူးပေါ့။ ဒါပေမဲ့ လူ့အခွင့်အရေးကို အခြေခံပြီးတော့ နိုင်ငံရေးအရ အမြတ်ထုတ်တာကို မြန်မာ အပါအဝင် နိုင်ငံတော်တော်များများက လက်မခံဘူးဆိုတာ ပြောခွင့် ရလိုက်တာကိုပဲ သူ ကျေနပ်တယ်ပေါ့လေ။ သဘောထားတင်းမာတဲ့ အနေအထားမျိုး တွေ့ရတယ်လေ။ ဒီလို အခြေအနေမျိုးနဲ့ မစ္စတာဂမ်ဘာရီရဲ့ ကြားဝင် ဆောင်ရွက်မှုကို နအဖက အလွယ်တကူ လက်ခံမယ်လို့ မျှော်လင့်လို့ ရသေးသလား၊ ဒီလို အခြေအနေမျိုးမှာ။ "ကျနော်တို့ တော်တော်တော့ အတိုင်းအတာ တခုအထိတော့ လုပ်ရမှာပါ။ သို့သော်လဲပဲ အားရစရာရှိတာက ဘာပဲပြောပြော လွန်ခဲ့တဲ့ ငါးနှစ်လောက်မှာ အာဆီယံအတွင်းမှာ မြန်မာနိုင်ငံနဲ့ ပတ်သက်လို့ ဒါ ပြည်တွင်းရေး သက်သက်ဖြစ်တယ်။ အာဆီယံကနေ အပြုသဘော ဆောင်ရွက်မှု အနေအထားကနေ သွားမယ်ဆိုတဲ့ အနေအထားကနေပြီးတော့ အခုဟာက အာဆီယံနိုင်ငံ တချို့ကနေပြီးတော့ ပွင့်ပွင့်လင်းလင်း ဝေဖန်လာတာတွေ ကျနော်တို့ တွေ့ရတယ်ပေါ့နော်။ နောက်တခုကလဲပဲ မစ္စတာဂမ်ဘာရီရဲ့ လုပ်ဆောင်မှုတွေအပေါ်မှာ ထောက်ခံတယ်ဆိုတာ ပြောထားတာတွေ တွေ့ရတယ်။ ဆိုတော့ အဲဒီ အခြေခံတွေအပေါ်မှာ တချိန်ထဲမှာ နိုင်ငံတကာရဲ့ အနေအထား အခင်းအကျင်းကလဲ ပြောင်းလဲလာတယ်ပေါ့နော်။ တဖက်မှာ ဖိအားပေးမှုတွေ လုပ်သလို တဖက်မှာလဲပဲ ကျနော်တို့ ကိုယ့်အခွင့်အရေးကို ကိုယ်ကာကွယ်တဲ့ ကြိုးပမ်းမှုတွေတော့ ဆက်လုပ်ရမှာပေါ့နော်။ ဆိုတော့ အဲဒီဟာတွေရဲ့ ပေါင်းစုမှု အနေအထားနဲ့ ကျနော်တို့ဟာ ပြောင်းလဲမှု အနေအထားကိုတော့ ဖြစ်အောင် ကြိုးစားရမယ်။ အနေအထားတွေဟာ ကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲမှုအရရော မြန်မာနိုင်ငံအပေါ်မှာ သဘောထားအမြင် ပြောင်းလဲမှုအရရော၊ အာရုံ စူးစိုက်မှုအရရော၊ ဒါ ဘာပဲပြောပြော ကျနော်တို့ဖက်မှာ အပြောင်းအလဲအတွက် အလားအလာတွေ ရှိလာတယ်။ ဒီထက် ပိုပြီးတော့ ကြိုးပမ်းမယ်ဆိုရင် အပြောင်းအလဲဟာ ဖြစ်နိုင်တယ်လို့ ကျနော်တို့ ယုံကြည်ပါတယ်။"

ဟုတ်ကဲ့ ဒီကနေ့ ရရှိတဲ့ သတင်းအရ မစ္စတာဂမ်ဘာရီက စင်္ကာပူကနေ ပြောလိုက်တာပေါ့လေ။ အကန့်အသတ်တွေကို ကျော်လွန်ပြီးတော့ စမ်းသပ်ရမဲ့ အချိန်ရောက်နေပြီလို့ သူ ပြောသွားပါတယ်။ ဒီစကားက ထူးခြားတယ်လို့ မြင်တယ်လေ။ သူ့ကို လုပ်ပိုင်ခွင့် ပိုပေးဖို့လဲ သူတောင်းထားပါတယ်။ တကယ်လို့ လုပ်ပိုင်ခွင့်ပေးမယ်ဆိုရင် မစ္စတာဂမ်ဘာရီရဲ့ လုပ်ပိုင်ခွင့်တွေက ဘယ်လို လုပ်ပိုင်ခွင့်တွေ ဖြစ်လာမလဲ။ "လုပ်ပိုင်ခွင့်တွေအရ ဆိုလို့ရှိရင်တော့ ဒါ အခု လောလောဆယ်ကို မစ္စတာဂမ်ဘာရီရဲ့ အခွင့်အာဏာက အထွေထွေ ညီလာခံကလာတယ် ဆိုပေမဲ့လို့ ဒါ အခုလောလောဆယ်မှာ လုံခြုံရေးကောင်စီရဲ့ ကျောထောက် နောက်ခံ ပြုမှုရှိနေပါတယ်။ နအဖက တကယ်တမ်း ကုလသမဂ္ဂရဲ့ ကြားဝင်ဆောင်ရွက်မှုမပေါ်မှာ လေးနက်မှုရှိမရှိ ဒါကို ကြည့်ရမယ်ဆိုတဲ့ အနေအထားမျိုးတွေ ပြောလာတာ နအဖကို ဒါ သတိပေး လိုက်တာပဲ။ တကယ်လိုသာ နအဖဖက်က အချိန်ဆွဲနေလို့တော့ မရပါဘူး။ ဒါ သူတို့ရဲ့ လေးနက်မှုရှိ မရှိဆိုတာ မကြာခင်အတွင်းမှာ သုံးသပ်ချက်တွေဖြစ်လာမယ်။ ဖြစ်လာပြီးတော့ လေးနက်မှုမရှိဘူး ဆိုလို့ရှိရင်တော့ လုံခြုံရေးကောင်စီ အဆင့်ကနေပြီးတော့ ဒီထက်ပိုပြီးတော့ ဖိအားပေးမှုတွေ ဘိုင်းနင်း ရီဇော်လူးရှင်းတွေ ဒါတွေဖြစ်လာဖို့ အနေအထားတွေ ရှိပါတယ်။ ဒါ မဖြစ်ဘူးလို့ ပြောလို့ မရဘူး။ နိုင်ငံတခုချင်း အရေးယူဆောင်ရွက်တဲ့ဟာလဲပဲ တချို့မှာ တိုးမြင့်လာဖို့ အနေအထားတွေ ကျနော်တို့ ရှိပါတယ်။" ကုလသမဂ္ဂဆိုင်ရာ ညွှန့်ပေါင်းအစိုးရ ကိုယ်စားလှယ် ဒေါက်တာ သောင်းထွန်းကို ဆက်သွယ်မေးမြန်းခဲ့တာ ဖြစ်ပါတယ်။ ■

# မြန်မာ့အရေး ကုလ ဆုံးဖြတ်ချက်ကို အာဆီယံနိုင်ငံအများစု ထောက်ခံခြင်းမရှိ

*ဗွီအိုအေ၊ ၂၂ နိုဝင်ဘာလ၊ ၂၀၀၇*

မြန်မာနိုင်ငံလူ့အခွင့်အရေးနဲ့ပတ်သက်လို့ နိုဝင်ဘာလ (၂၀) ရက်နေ့က ကုလသမဂ္ဂအထွေထွေညီလာခံတတိယကော်မီတီမှာ ဆုံးဖြတ်ချက်တရပ်ချမှတ်ခဲ့ ပါတယ်။ မြန်မာနိုင်ငံရေးအခြေအနေအတွက် နိုင်ငံရေး အကျဉ်းသားတွေ လွှတ်ဖို့ တွေ့ဆုံဆွေးနွေးရေးလုပ်ဖို့ဆိုတဲ့ တောင်းဆိုချက်တွေအပြင် မြန်မာနိုင်ငံကိစ္စကိုအတွင်းရေးမှူးချုပ်က တိုက်ရိုက်ကိုင်တွယ်ဖို့ ဆိုတာလည်းပါတယ်။

အထွေထွေညီလာခံဆုံးဖြတ်ချက်မှာ မြန်မာအိမ်နီးချင်းတွေထဲက သဘောထားက အမျိုးမျိုးပါ။ အထွေထွေညီလာခံကနေ မြန်မာနိုင်ငံကိစ္စကိုကိုင်တွယ်ဖို့ခက်ခဲတယ်လို့ အိမ်နီးချင်းစင်ကာပူနိုင်ငံက ယူဆတာကြောင့် စင်ကာပူ၊ ထိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားကမဲမပေးပဲနေခဲ့သလို၊ အခြားအာဆီယံနိုင်ငံတွေအများစုကတော့ ကန့်ကွက်မဲပေးခဲ့ကြပါတယ်။

တနေ့ကလုပ်တဲ့ အထွေထွေညီလာခံ တတိယကော်မီတီမှာ မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေးအခြေအနေဆွေးနွေးမယ်လုပ်တော့ မြန်မာနိုင်ငံကိစ္စကို သီးခြားဆွေးနွေးမယ်ဆိုတာကို မြန်မာကိုယ်စားလှယ် ဦးကျော်တင့်ဆွေက ကန့်ကွက်ပါတယ်။ အလားတူပါပဲ တရုတ်အစိုးရရဲ့ကိုယ်စားလှယ် အခုလို ကန့်ကွက်သွားပါတယ်။

"လူ့အခွင့်အရေးဆိုတာဟာ နိုင်ငံတွေရဲ့ မတူကွဲပြားတဲ့ သမိုင်းနောက်ခံတွေ ယဉ်ကျေးမှုတွေဘာသာရေးတွေကို လေးစားရပါတယ်။ နိုင်ငံတွေရဲ့ မတူကွဲပြားတဲ့ လူမှုရေးအခြေအနေ အယူအဆတွေအပေါ်မှာ ပူးပေါင်းဆောင်ရွက်ပြီး အပြန်အလှန်ဆွေးနွေးညှိနှိုင်းမှုတွေ ဖြစ်လာအောင် အားပေးရပါမယ်။

ဒါ့အပြင် လူ့အခွင့်အရေးကောင်စီကလည်း မြန်မာနိုင်ငံနဲ့ပတ်သက်လို့ အထူးအစည်းအဝေး ခေါ်ယူကျင်းပခဲ့ပါပြီ။ ဒီကနေ ဆုံးဖြတ်ချက်ချပြီး ကုလသမဂ္ဂရဲ့ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် မြန်မာနိုင်ငံကို သွားရောက်လည်ပတ်ခဲ့ပါတယ်။ အောင်မြင်မှု ရလဒ်တွေလည်း ရှိခဲ့ပါတယ်။ ဒီတော့ အထွေထွေညီလာခံအနေနဲ့ ဒီအရှိန်အဟုန်ကို ဆက်ပြီးတော့ အားပေးသင့်ပါတယ်။ ဒါပေမယ့် နိုင်ငံရေးရည်မှန်းချက်နဲ့ဆုံးဖြတ်ချက်တခုခု ချမှတ်တာမျိုးကိုတော့ ရှောင်ရှားသင့်ပါတယ်။"

ဒီအထွေထွေညီလာခံဆုံးဖြတ်ချက်ထွက်လာဖို့ အဆိုပြုသူကတော့ အီးယူ ဥရောပသမဂ္ဂဖြစ်ပါတယ်။ အီးယူရဲ့ကိုယ်စား ပေါ်တူဂီနိုင်ငံ ကိုယ်စားလှယ်က အခုလို ပြောသွားပါတယ်။

"ပြီးခဲ့တဲ့ စက်တင်ဘာလတုန်းက လွတ်လပ်စွာ ပြောဆို စုရုံးဆန္ဒပြခဲ့ကြတဲ့ မြန်မာနိုင်ငံသားတွေကို မြန်မာအစိုးရအနေနဲ့ အကြမ်းဖက်ပြီး သတ်ဖြတ်ခဲ့တာ၊ ဥပဒေမဲ့ ဖမ်းဆီးတာတွေကို တကမ္ဘာလုံးကကြည့်ခဲ့ရပါတယ်။ ဒီအတွက် လူ့အခွင့်အရေးကောင်စီကနေ မြန်မာအစိုးရအနေနဲ့ ထိမ်းထိမ်းသိမ်းသိမ်းဆောင်ရွက်ဖို့၊ နိုင်ငံရေးအကျဉ်းသားတွေအပါအဝင် ဖမ်းဆီးထားသူတွေကို အချိန်မဆွဲပဲ အမြန်ဆုံး ပြန်လွှတ်ပေးဖို့တောင်းဆိုသလို၊ ကုလသမဂ္ဂနဲ့ ပူးပေါင်းဆောင်ရွက်ဖို့၊ နောက် လူ့အခွင့်အရေးကိုယ်စားလှယ် မြန်မာနိုင်ငံကိုသွား ရောက်ခွင့်ရဖို့ကိုလည်း တောင်းဆိုခဲ့ပါတယ်။ မြန်မာနိုင်ငံ ဒီမိုကရေစီရေးနဲ့ လူ့အခွင့်အရေးအခြေအနေတိုးတက်လာဖို့ မြန်မာအစိုးရအနေနဲ့ ကုလသမဂ္ဂနဲ့ ပူးပေါင်းဆောင်ရွက်တာတွေကိုမြင်ချင်ပါတယ်။"

မြန်မာသံအမတ်ဖြစ်တဲ့ မြန်မာကိုယ်စားလှယ် ဦးကျော်တင့်ဆွေကလည်း အီးယူဖက်ကတင်ပြတဲ့ အဆိုပြုချက် မူကြမ်းဟာ တကယ်ကတော့ မြန်မာနိုင်ငံကို ထိပ်တိုက်တွေ့တာပဲလို့ သူတို့က ယူဆပါတယ်။

"ဥရောပသမဂ္ဂနဲ့ အခြားနိုင်ငံတွေက အဆိုပြုတဲ့ ဆုံးဖြတ်ချက်မူကြမ်းဟာ အခြေအနေတွေကိုတိုးတက်လာအောင် ပူးပေါင်းဆောင်ရွက်မှုတွေ ဖြစ်လာအောင်လုပ်တာထက်စာရင် ထိပ်တိုက် ရင်ဆိုင်တဲ့သဘောဖြစ်နေပါတယ်။ ဆုံးဖြတ်ချက်မူကြမ်းကို လုပ်ထုံးလုပ်နည်းသဘောရော၊ အထဲမှာပါတဲ့ စာသားအရပါ ကန့်ကွက်ပါတယ်။ ဥရောပသမဂ္ဂအနေနဲ့ အထွေထွေညီ လာခံမှာ မြန်မာနိုင်ငံနဲ့ပတ်သက်လို့ ဆုံးဖြတ်ချက်ကျအောင် နှစ်စဉ်လုပ်ခဲ့ဘူးတဲ့နည်းတူ၊ ဒီနှစ် အဆိုပြုချက်မှာလည်း လူ့အခွင့်အရေးတိုးတက်ကောင်း မွန်လာအောင်ဆိုတဲ့ အမည်သုံးပြီးဖိအားပေးနေတဲ့ သဘောဖြစ်နေပါတယ်။ မြန်မာနိုင်ငံကို အခုလိုပစ်မှတ်ထားပြီးလုပ်နေတာဟာ အလွန်စိုးရိမ်စရာကောင်းပါတယ်" လို့ မြန်မာကိုယ်စားလှယ် ဦးကျော်တင့်ဆွေက ပြောသွားပါတယ်။"

ဒီဆုံးဖြတ်ချက်နဲ့ပတ်သက်ပြီးတော့ပဲ မြန်မာနိုင်ငံနဲ့ မကြာခင်က သံအဆက်အသွယ်တွေပြန်လုပ်ခဲ့ တဲ့မြောက်ကိုရီးယား နိုင်ငံကလည်း မြန်မာနိုင်ငံရဲ့လူ့အခွင့်အရေး အခြေအနေကို အထွေထွေညီလာခံကဆုံးဖြတ်ချက်ချမယ်ဆိုတာကို အခုလို ကန့်ကွက်ပြောသွားပါတယ်။

"လူ့အခွင့်အရေးဆိုတာကို နိုင်ငံတနိုင်ငံကို ပြင်ပကနေ သွပ်သွင်းလို့မရပါဘူး။ ဒီတော့ မြန်မာနိုင်ငံနဲ့ပတ်သက်လို့ သီးခြားဆုံးဖြတ်ချက်ချမယ်ဆိုရင် ဒါဟာအဓိကဆောင်ရွက်လုပ် ကိုင်နေသူတွေအကြားယုံကြည်မှုကို ပျက်ပြားစေသလို၊ ကုလသဂ္ဂရဲ့လူ့အခွင့်အရေး ဆောင်ရွက်ချက်တွေကို နိုင်ငံရေးကိစ္စနဲ့ရောယှက် ဖိအားပေးသလိုဖြစ်နေပါတယ်။"

မြန်မာနိုင်ငံကိုယ်စားလှယ်ကလည်း အခုလိုမျိုး ကုလသမဂ္ဂ အထွေထွေညီလာခံကြီးမှာ နိုင်ငံတနိုင်ချင်းစီကိုရွေးပြီးတော့ လူ့အခွင့်အရေးအခြေတွေကို ကွက်ပြီးတော့ ဆွေးနွေးဆုံးဖြတ်တာမျိုးကို တားမြစ်သင့်တယ်လို့ အခုလိုပြောသွားပါတယ်။

"လူ့အခွင့်အရေးဆိုတာကို ခုတုံးလုပ်ပြီး အခုလို နိုင်ငံတနိုင်ငံတည်းကို ရွေးပြီးဆုံးဖြတ်ချက်ချတာမျိုးဟာ ကုလသမဂ္ဂပဋိညာဉ်နဲ့ ဆန့်ကျင်နေတာကြောင့် ဒါကို တားမြစ်သင့်ပါတယ်။

ဒါပေမယ့် ပေါ်တူဂီ ကိုယ်စားလှယ်ကို ကျေးဇူးတင်စရာတခုကတော့ ကျနော်တို့နိုင်ငံကို တရားဝင်အမည်မတိုင်း သုံးနှုန်းသွားတဲ့အတွက်ပါ။"

အရင်ကတော့ ပေါ်တူဂီနိုင်ငံအပါအဝင် ဥရောပသမဂ္ဂနိုင်ငံတွေက မြန်မာနိုင်ငံကို အင်္ဂလိပ်လို ဘားမား လို့သုံးပါတယ်။ ဒါပေမယ့် အခု ပေါ်တူဂီနိုင်ငံသုံးသွားတဲ့အခါမှာ မြန်မာလို့ သုံးသွားတဲ့အတွက် သူကတုန့်ပြန်ပြီးတော့ ပြောသွားတာပါ။ အခု ဒီ အထွေထွေညီလာခံကြီးရဲ့ မြန်မာနိုင်ငံနဲ့ဆိုင်တဲ့ လူ့အခွင့်အရေးဆိုင်ရာ ဆုံးဖြတ်ချက်ကို အာဆီယံအဖွဲ့ထဲက ဗီယက်နမ်၊ လာအိုစတဲ့နိုင်ငံတွေက ကန့်ကွက်မဲပေးသလိုပဲ ထိုင်း၊ အင်ဒိုနီးရှား၊ စင်ကာပူ စတဲ့နိုင်ငံတွေက ကြားနေပါတယ်။ ထိုင်းနိုင်ငံကိုယ်စားလှယ်ကတော့ သူတို့ရဲ့သဘောထားကို အခုလို ပြောပါတယ်။

"မြန်မာနိုင်ငံရဲ့ အနာဂတ်ဟာ မြန်မာလူမျိုးတွေအပေါ်မှာပဲ တည်ပါတယ်။ ထိုင်းနိုင်ငံအနေနဲ့ကတော့ မြန်မာလူမျိုးတွေရဲ့ မိတ်ဆွေအဖြစ် အမြဲရပ်တည်သွားမှာပါ။ အာဆီယံ မိသားစုထဲမှာရော အခြားဒေသတွင်းနိုင်ငံတွေနဲ့ပါ ခုအချိန်မှာ ထိုင်းနိုင်ငံအနေနဲ့ မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ထောက်ခံသွားမှာပါ။ မြန်မာနိုင်ငံမှာ အစုအဖွဲ့အားလုံးပါဝင်တဲ့၊ အချိန် အကန့်အသတ်ထားတဲ့ ရလဒ် ထွက်မယ့် တွေ့ဆုံမှုတွေ မကြာခင် ဖြစ်ပေါ်လာတော့မယ်လို့ ကျနော်တို့ မျှော်လင့်ထားပါတယ်။" စင်ကာပူနိုင်ငံ ကိုယ်စားလှယ်ကတော့ အခုလိုမျိုး ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက်မှာ သူတို့နေနဲ့ မဲမပေးဘဲနဲ့နေရတာ ဘာကြောင့်လည်းဆိုတာကို အခုလို ရှင်းပြပါတယ်။

"ဘာကြောင့် အခုလို မဲမပေးပဲနေသလဲဆိုတော့ မြန်မာနိုင်ငံမှာမကြာခင်ဖြစ်ခဲ့တာတွေအပေါ်စိုးရိမ်စိတ်မရှိလို့တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် မြန်မာနိုင်ငံ လူ့အခွင့်အရေးကိစ္စ ဆုံးဖြတ်ချက် ချဖို့ဟာ

အထွေထွေညီလာခံကြီးနဲ့မသင့်လျော်ဘူးလို့ ယုံကြည်လို့ပါ။ သဘောသဘာဝအရဆိုရင် ဒီကိစ္စ အဖွဲ့ဝင်တွေကြားမှာ အပြုသဘောဆွေးနွေးနိုင်ဖို့ဆိုတာ ခက်ခဲလို့ပါ။ ဒီကိစ္စကို လူ့အခွင့်အရေးကောင်စီမှာ ဆွေးနွေးတာပိုကောင်းပါတယ်။ စင်ကာပူအနေနဲ့က ပြီးခဲ့တဲ့ မြန်မာနိုင်ငံအတွင်း ဖြစ်ခဲ့တာတွေနဲ့ပတ်သက်လို့ အတော်လေး စိတ်ကသိကအောင့်ဖြစ်ရပါတယ်။ ဒီအတွက်လည်း စက်တင်ဘာ (၂၇) ရက်နေ့မှာစင်ကာပူဟာ အာဆီယံအလှည့်ကျဥက္ကဋ္ဌအနေနဲ့ ပြင်းထန်တဲ့သဘောထားကြေညာချက်ထုတ်ပြီးမြန်မာနိုင်ငံက ငြိမ်းချမ်းတဲ့ဆန္ဒပြမှုတွေကို အကြမ်းဖက်ဖြိုခွင်းခဲ့တာတွေကို စိုးရိမ်ကြောင်းဖော်ပြခဲ့ပါတယ်။”

အခုလိုမျိုး အာဆီယံနိုင်ငံအများစုက ကြားနေခဲ့ပေမယ့်လို့ ထောက်ခံမဲ (၈၈)မဲနဲ့ အထွေထွေညီလာခံကနေပြီးတော့ ဆုံးဖြတ်ချက် ချခဲ့ပါတယ်။ ဒါပေမယ့်လည်း မြန်မာနိုင်ငံလူ့အခွင့်အရေးနဲ့ပတ်သက်ပြီးတော့ ကုလသမဂ္ဂရဲ့အထွေထွေညီလာခံကနေပြီးတော့ ၁၉၉၂ ခုနှစ် နောက်ပိုင်းကတည်းက ဆုံးဖြတ်ချက်တွေ တောက်လျှောက်ချခဲ့တာပါ။■

# သတင်းအတိုအထွာ ကဏ္ဍ

“မြန်မာ့အရေးအတွက် ကုလသမဂ္ဂ အထူး ကိုယ်စားလှယ်ရဲ့ ဆောင်ရွက်ချက်တွေကို ထောက်ခံအားပေးဖို့ ဩစတေးလျ နိုင်ငံခြားရေးဝန်ကြီး အလက်ဇန္ဒားဒေါင်းနားက အာရှ ခေါင်းဆောင်တွေကို တောင်းဆိုလိုက်ပါတယ်။ စင်္ကာပူကို ရောက်ရှိနေတဲ့ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် ဂမ်ဘာရီနဲ့ တွေ့ဆုံ ဆွေးနွေးပြီးတဲ့နောက် အခုလို တောင်းဆိုလိုက်တာ ဖြစ်ပါတယ်။ “အရှေ့ အာရှမှာရှိတဲ့ နိုင်ငံအားလုံး၊ အာဆီယံနိုင်ငံတွေ အားလုံးနဲ့ အထူးသဖြင့် တရုတ်အစိုးရတို့ဟာ မစ္စတာဂမ်ဘာရီရဲ့ ဆောင်ရွက်ချက်တွေအပေါ် ကူညီနိုင်မဲ့ နည်းလမ်းတွေကို ရှာဖွေလိမ့်မယ်လို့ ကျနော်မျှော်လင့်ပါတယ်”လို့ မစ္စတာ ဒေါင်းနားက ဆိုပါတယ်။ “ကျနော်တို့ အချိန် ကြာချင်ကြာပါလိမ့်မယ်၊ ဒါပေမဲ့ မြန်မာနိုင်ငံမှာ စစ်မှန်တဲ့ တိုးတက်မှုတွေရဖို့ အလွန်အရေးကြီးပါတယ်လို့ ဩစတေးလျ နိုင်ငံခြားရေးဝန်ကြီး အလက်ဇန္ဒားဒေါင်းနားက နိုင်ငံတကာ သတင်းထောက်တွေကို ပြောကြားသွားကြောင်း စင်္ကာပူကပေးပို့တဲ့ အေဂျင်စီ သတင်းတွေမှာ ဖော်ပြထားပါတယ်။■”

“မြန်မာနိုင်ငံက ပြဿနာတွေကို ဖြေရှင်းရာမှာ အောင်မြင်မှု ရရှိဖို့အတွက် သူ့ရဲ့ လုပ်ပိုင်ခွင့်ကို ပိုတိုးမြှင့်ဖို့လိုကြောင်း ကုလသမဂ္ဂ အထွေအထွေ အတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ် မစ္စတာ အီဘရာဟင် ဂမ်ဘာရီက ဒီကနေ့ ပြောဆိုလိုက်ပါတယ်။ “မြန်မာအစိုးရက ကုလသမဂ္ဂနဲ့ ပူးပေါင်းဆောင်ရွက်ချင်တယ်လို့ ဆိုပါတယ်။ ဒီပြောဆိုချက် မှန်မမှန် လက်တွေ့စမ်းသပ်ရမဲ့ အချိန်ရောက်နေပါပြီ။ အကန့်အသတ်တွေကို ကျော်လွန်ပြီး ကျနော့်ကို လုပ်ပိုင်ခွင့် ပိုပေးဖို့လိုပါတယ်ဓ လို့ ဂမ်ဘာရီက ဆိုပါတယ်။ မစ္စတာ ဂမ်ဘာရီဟာ အာဆီယံ အစည်းအဝေးအတွင်း မြန်မာနိုင်ငံက အခြေအနေတွေကို ရှင်းပြဖို့ဆိုပြီး စင်္ကာပူနိုင်ငံကို လာရောက်ခဲ့ပါတယ်။ ဒါပေမဲ့ နအဖ ဝန်ကြီးချုပ်က ကန့်ကွက်ခဲ့တာကြောင့် ဒီကိစ္စကို ပယ်ဖျက်ခဲ့ရပါတယ်။ ဂမ်ဘာရီကတော့ မူလ ရည်ရွယ်ထားတဲ့အတိုင်း မဖြစ်ခဲ့ပေမဲ့ ဒေသဆိုင်ရာ ခေါင်းဆောင်တွေနဲ့ တွေ့ခွင့်ရတဲ့အတွက် သူ့ခရီးစဉ်ဟာ အချည်းအနှီး မဖြစ်ဘူးလို့ ဆိုပါတယ်။ မစ္စတာဂမ်ဘာရီဟာ မကြာခင်မှာ ဗီယက်နမ်၊ လာအိုနဲ့ ကမ္ဘောဒီယားနိုင်ငံ တွေ့ဆီ သွားရောက်ပြီး၊ မြန်မာ့အရေးအတွက် ဆွေးနွေးဖို့ရှိကြောင်းလဲ ဒီကနေ့ စင်္ကာပူက ပေးပို့တဲ့ အေဂျင်စီသတင်းမှာ ဖော်ပြထားပါတယ်။■”

“ပြည်ထောင်စုမြန်မာနိုင်ငံအဝေးရောက် အမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့က အာဆီယံအဖွဲ့နဲ့ပတ်သက်လို့ နိုဝင်ဘာလ (၂၁)ရက်နေ့က ကြေညာချက်တစောင် ထုတ်ပြန်လိုက်ပါတယ်။စင်္ကာပူနိုင်ငံမှာ ကျင်းပနေတဲ့ အာဆီယံထိပ်သီးအစည်းအဝေးမှာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်အားလှယ် မစ္စတာဂမ်ဘာရီက မြန်မာနိုင်ငံကိစ္စတင်ပြဖို့ရှိတဲ့ အစီအစဉ်ပျက်ပြယ်သွားတာနဲ့ပတ်သက်လို့ အာဆီယံအဖွဲ့ရဲ့ညီညွတ်မှုမရှိတဲ့အပေါ်မှာ စိတ်ပျက်မိကြောင်း မြန်မာနိုင်ငံအဝေးရောက် အမျိုးသားညွန့်ပေါင်းအစိုးရ အဖွဲ့က အခုလိုကြေညာချက်ထုတ်ပြန်ရတာဖြစ်တယ်လို့ NCGUB အဖွဲ့ဝင် ဦးဘိုလှတင့်က ပြောပါတယ်။ဒ့ါအပြင် အာဆီယံအရှေ့တောင်အာရှနိုင်ငံများအဖွဲ့အနေနဲ့ မြန်မာနိုင်ငံအရေးကိစ္စတခုတည်းကိုသာမက ဒေသတွင်းမှာ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီထွန်းကားလာရေးအတွက် ဒီမိုကရေစီအခြေခံမူတွေကို လေးစားလိုက်နာကြဖို့ လိုအပ်သလို၊ လူ့အခွင့်အရေး နဲ့ဒီမိုကရေစီ တန်ဖိုးတွေကို လေးစားလိုက်နာမှုမရှိတဲ့၊ လူ့အခွင့်အရေးချိုးဖောက်တဲ့အဖွဲ့ဝင်နိုင်ငံတွေကိုလည်း ပြတ်ပြတ်သားသားအရေးယူနိုင်ဖို့ လိုအပ်ကြောင်း စသဖြင့် NCGUB ပြည်ထောင်စု မြန်မာနိုင်ငံအဝေးရောက် အမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့ရဲ့ နိုဝင်ဘာလ (၂၁)ရက်နေ့က ထုတ်ပြန်တဲ့ ကြေညာချက်ထဲမှာ ဖေါ်ပြထားပါတယ်။■”

“ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းပေါ်တွင် တရားခွေရောင်းသူတဦးက “ရဲတွေလာပြီး ကျနော့်ဆိုင်က တရားခွေတွေကို လာစစ်တယ်၊ သီတဂူ ဆရာတော် အရှင်ဥာဏိဿရရဲ့လူမိုက်တို့ရဲ့ သွားရာလမ်းနဲ့ ကေရာဇ်မင်းကြီးရဲ့ဘဝနိဂုံးတရားခွေတွေ ရောင်းသလားမေးတယ်၊ ကျနော်က မရောင်းပါဘူးလို့ ပြောတော့ ဆိုင်မှာတင်ထားတဲ့ ဆရာတော် ဒေါက်တာကောဝိဒ (မဇ္ဈိမဂုဏ်ရည်)ရဲ့ ဆင်းရဲခပ်သိမ်းငြိမ်းကြပါစေ။ အဆိုးဆုံးရောဂါ ကုစားပါ အပါအဝင် တရားခွေ (၂၀) ကျော်လောက်ကို ရောင်းခွင့်မရှိဘူးဆိုပြီး သိမ်းသွားတယ်၊ နောက် ရောင်းတာတွေ့ရင် လူကိုပါဖမ်းမယ်လို့ ပြောသွားတယ်”ဟု ပြောပါတယ်။ လမ်းမတော်မြို့နယ်အတွင်း တရားခွေများရောင်းနေသည့် အခြားဆိုင်များတွင်လည်း အရပ်ဝတ် နှင့်ရဲများက အရှင်ဥာဏိဿရနှင့် အရှင်ကောဝိဒတို့ရဲ့ တရားခွေများကို လိုက်လံသိမ်းဆည်း နေကြောင်း သိရပါတယ်။ ယခုကဲ့သို့ နအဖ အာဏာပိုင်များက တရားခွေများကို လိုက်လံသိမ်းဆည်းကာ ရောင်းချခွင့် ပိတ်ပင်နေသော်လည်း တရားခွေရောင်းသူများက မှောင်ခိုသဘော လက်သိပ်ထိုး ရောင်းချနေကြသဖြင့် အဆိုပါတရားတော်များသည် ပြည်သူများအကြား ပျံ့နှံ့နေကြောင်း ရန်ကုန်မြို့ခံများက ပြောပါတယ်။ ထိုတရားခွေများတွင် မကောင်းမှုများကိုသာ ပြုတတ်သည့် ဘုရင်များ နိဂုံးချုပ်မကောင်းပုံ။ လက်ရှိ စစ်အာဏာပိုင်များသည် လူမိုက်လက္ခဏာနှင့်တူနေပုံ။ ရဟန်းသံဃာတော်များကို ပြည်သူများနှင့် ခွဲခြားမရပုံ စသည်တို့ကို ဟောကြားထား ကြောင်းသိရပါတယ်။■”

“ ဤစာစောင်အား မြန်မာပြည် လူထုလှုပ်ရှားမှုတိုက်ပွဲအတွက် ထပ်ဆင့်ကူးယူဖြန့်ချိသူများအား အထူးကျေးဇူးတင်ပါသည်။ ”